ပြန်လည်ကြွလာခြင်း သတင်းကောင်း



MAY & JUNE

HERALD *OF HIS* COMING

သန့်ရှင်း သော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ (ယော ၁၄: ၂၆)

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို သမ္မာတရားထဲသို့လမ်းပြခြင်း

The Holy Spirit Guides Us Into All Truth

By R A Torrey (1856–1928)

သင်တို့အားငါပြောစရာစကားအများရှိသော်လည်း သင်တို့သည် ယခုမခံနိုင်ကြ သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသ လိမ့်မည်။ ထို ဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်၊ ကြားသမျှတို့ကို ဟောပြော လိမ့်မည်၊ နောင်လာ လတ္တံ့သောအရာတို့ကိုလည်း သင်တို့အားဖော်ပြလိမ့်မည် (ယောဟန် ၁၆:၁၂)

လူတွေထံမှ သင်ကြားချက်များကို ကျွန်ုပ်တို့က သင်ယူကြသော်လည်း သူတို့အပေါ်မမှီခိုကြပါ ကျွန်ုပ်တို့တွင် သန့်ရှင်းသော ဝိညာဉ်တော်ဟူသော ဥပဇ္ဈာယ် ဆရာတစ်ပါးကရှိနေပါသည်။ ကျွန်ုပ်တို့က ထိုသန့်ရှင်းသော ဝိညာဉ်တော်ထံမှ တိုက်ရိုက်သင်ကြားမှုရရှိသည့် အချိန်ထိတိုင်အောင် သမ္မာတရားကို သိကျွမ်းနိုင်ကြမည်မဟုတ်ပါ။ အမှန်တရားတစ်ခုကိုသင်ကြားပေးသော ဆရာသမားများက မည်သူမည်ဝါ ဖြစ်စေကာမူ ကျွန်ုပ်တို့အတွက်

အထူးကိစ္စတစ်ရပ်မဟုတ်ပါ။ လူတွေရဲ့သင်ကြားချက်ပမာဏ သမ္မာတရား ကိုစစ်မှန်စွာ သဘောပေါက်နိုင်ဖို့ရန်အတွက် ကျွန်ုပ်တို့ကိုလမ်းညွှန် ပေးသောအရာသည် မူရင်းဘာသာ စကား (သို့) အင်္ဂလိပ်စာတစ်ခုခုထဲမှ နုတ်ကပတ်တော်စကားလုံးများကို လေ့လာခြင်းဖြင့်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းညွှန် ချက်များကို ရရှိမှ ကျွန်ုပ်တို့က တစ်ဦးချင်းစီကို ပြန်လည် သင်ကြားနိုင်ကြလိမ့်မည်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်မပါဘဲ ဟေဗြဲ၊ ဂရိဘာသာများကို ကောင်းမွန်စွာသိကျွမ်းသောသူထက် ဟေဗြဲ၊ ဂရိဘာသာများကို မသိကျွမ်းသော်လည်း ဘုရားသခင်၏သမ္မာတရားကို နားလည်အောင်သင်ပြ သောသူက ပိုမို ကောင်းမွန်ပါသည်။ သမ္မာတရားအားလုံးကို သင်ပြပေးသောသူက ပိုမိုကောင်းမွန် အောင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် လမ်းပြပေးပါလိမ့်မည်။ ဘုရားသခင်၏သမ္မာတရား နယ်ပယ်တစ်ခုလုံး က ကျွန်ုပ်တို့ တစ်ယောက်ချင်းစီတိုင်းအတွက်ပင်ဖြစ်ပါသည်။ သို့သော်သန့်ရှင်းသော ဝိညာဉ်တော်က သမ္မာတရားတစ်ခုလုံးကို လမ်းပြ လိမ့်မည်မဟုတ်ပါ၊ တစ်ဆင့်ပြီးတစ်ဆင့်ပြသသွားမည် သာဖြစ်ပါသည်။

သန့်ရှင်း ဝိညာဉ်တော်က ခရစ်တော်ကို ဖွင့်ပြခြင်း

ထိုသူသည် ငါ၏ဘုန်းကိုထင်ရှားစေလိမ့်မည်၊ အကြောင်းမူကား ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ထောက်ပြလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏အဓိကဦးတည်ချက်မှာ ယုံကြည်သူများ နှင့်အတူ မယုံကြည်သူများထံ ခရစ်တော်အကြောင်းအား သင်ကြားဖို့ရန်ဖြစ်ပါသည်။ သူ၏လုပ်ဆောင်ချက် အားလုံးကယေရှုကိုဖော်ပြပြီး သူ၏သင်ကြားချက်အားလုံးက ခရစ်တော်ကိုဗဟိုပြုပါသည်။ ကျွန်ုပ်တို့ကို လည်း အဓိကရှုထောင့်မှ ခရစ်တော်ထံသို့ခေါ်ဆောင်ပါသည်။

ခရစ်တော်ကိုသေးသိမ်စေကာ သန့်ရှင်းသောဝိညာဉ်တော်အကြောင်း သမ္မာတရားကို အလေးပေးဖို့ ရန် ကြောက်ရွံ့ပြီးနောက်ကောက်ချထားသောသူအချို့က ရှိနေပြန်ပါသည်။ သို့သော် သန့်ရှင်းသောဝိညာဉ် တော်လုပ်ဆောင်သကဲ့သို့ ခရစ်တော်ကိုထင်ရှားစေသော သူကတစ်ဦးတစ်ယောက်မျှမရှိပါ။ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့အပေါ် နုတ်ကပတ်တော်၏ အနက်ကိုမဖွင့်ပေးခင်အချိန်ထိတိုင်အောင် ကျွန်ုပ်တို့က ခရစ်တော်ကို သိရှိနိုင်ကြမည်မဟုတ်ပါ။ သူ၏ဘုန်းတော်ကိုမြင်တွေ့နိုင်ကြမည်မဟုတ်ပါ၊ ဤအရာကပို့ချခြင်းနှင့် ဆုံးမသြဝါဒ ခံယူသည့်ပမာဏကြောင့် မဟုတ်ပါ။ နှုတ်ကပတ်တော်ကို လေ့လာခြင်းဖြင့်လည်း မဟုတ်ပါ၊ ခရစ်တော်၏ အကြောင်းတရားများကို မြင်တွေ့ဖို့ရန်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြခြင်းဖြင့်သာ ကျွန်ုပ်တို့က

မြင်တွေ့နိုင်မည်ဖြစ်သည်။ သူကလုပ်ဆောင်လိုသူဖြစ်ပြီး လုပ်ဆောင်နေသောသူဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ရည်ရွယ်ချက်မှာ လူတွေထံ၌ ခရစ်တော်ကို ဖွင့်ပြဖို့ရန်ဖြစ်ပါသည်။

ပင်တေကုတ္တေနေ့တွင် ပေတရုနှင့် အပေါင်းအဖော်များက သန့်ရှင်းသောဝိညာဉ်တော် အကြောင်း ကိုများစွာ မပြောဘဲ ခရစ်တော်အကြောင်းကိုသာ ပြောဆိုကြပါသည်။ ထိနေ့ရက်က ပေတရု၏ဩဝါဒကို ဆင်ခြင်ကြ မည်ဆိုပါက ယေရှုခရစ်တော်သာလျှင် အဓိကမဏ္ဍိုင်ဖြစ်ရမည်ဖြစ်သည်။ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို သင်ပြမည်ဆိုလျှင် ကျွန်ုပ်တို့၏ရှုပါရုံအမြင်တစ်ခုလုံးတွင်ယေရှုခရစ်တော်က နေရာယူလာမည် ဖြစ်သည်။ ကျွန်ုပ်တို့က အသစ်သောခရစ်တော်၏ ဘုန်းတော်ကိုရရှိကြမည်ဖြစ်သည်။ ခရစ်တော်၏ပြည့်စုံသောဘုန်း အသရေက ကျွန်ုပ်တို့ထံ ရောက်ရှိလာပြီး ကျွန်ုပ်တို့က သူ့အကြောင်းကို အယောက်စီတိုင်းထံသို့ သွားရောက်ပြော ဆိုကြလိမ့်မည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ထံသို့ သူ၏ဘုန်းတော် ကိုထင်ရှားစေသောအခါ အလွန်ထူးခြားသော ယေရှုခရစ်တော်၏ ကြင်အင်လက္ခဏာများကို ဖွင့်ပြသွား မည်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်က နက်နဲသောအရာများကိုဖွင့်ပြ

ကျမ်းစာလာသည်နှင့်အညီ ဘုရားသခင်ကိုချစ်သော သူတို့အဖို့အလို့ငှာ ဘုရားသခင်ပြင်ဆင် တော်မူသော အရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား စိတ်နှလုံးဖြင့် မကြံစည်သေး၊ တိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ဖော်ပြတော်မူ၏။ ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသော အရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏။ လူ၏နက်နဲသောအရာတို့ကို လူ၌ရှိသောမိမိစိတ်ဝိညာဉ်မှအပါး အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှတစ်ပါး ဘယ်သူမျှမသိ ငါတို့သည် လောကီဝိညာဉ်တော်ကိုမခံရကြ၊ ဘုရားသခင်ထံမှကြွလာသောဝိညာဉ်တော်ကိုခံရကြပြီ ဘုရားသခင် ပေးတော်မူသောအရာတို့ကို ငါတို့သည် လူပညာကို အမှီပြု၍ နားလည်သောစကားနှင့်မဟော၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဝိညာဉ်နှင့် စပ်ဆိုင်သောအရာကို ဝိညာဉ်စကားအားဖြင့် ဖွင့်ပြ၍ ပဲ့ပြင်တော်မူသောစကားနှင့် ငါတို့သည် ဟောကြ၏။ (၁ကော ၅:၉-၂၃)

သန့်ရှင်းသောဝိညာဉ်တော်က ယုံကြည်သူတစ်ဦးချင်းစီကို ဘုရားသခင်၏ နက်နဲသောအရာများ အား ဖွင့်ပြပါသည်။ လူတွေရဲ့နှလုံးသားထဲသို့ မဝင်ရောက်နိုင်သော အရာများ၊ နားဖြင့်မကြားနိုင်သော အရာများ၊

မျက်စိဖြင့် မမြင်နိုင်သောအရာများ၊ သူကိုချစ်ဖို့ရန်အတွက် ဘုရားသခင်ပြင်ဆင်ခဲ့သည့် အရာများကို ဖြစ်ပါသည်။ ဤဆက်စပ်စဉ်းစားရမည့်အရာ၏ အထောက်အထားကကောင်းကင်ကို ကိုးကားခြင်းမဟုတ်ပါ။ (သို့) အသက်တာ၏ နောက်ပိုင်း၌ ရောက်ရှိလာမည့်အကြောင်းအရာများ မဟုတ်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်ဆောင်ကျဉ်းပေးသော အရာက ယခုအသက်တာအတွက်လည်း ဖြစ်ပါတယ်။ ဤအရာများကို ကျွန်ုပ်တို့ထံသူကဖွင့်ပြပါသည်။

နှုတ်ကပတ်တော်ကို အနက်ဖွင့်ပေးသည့် သန့်ရှင်းသောဝိညာဉ်တော်

ရှေ့ဆက်ပြီး ကျမ်းပိုဒ်၏ကိုးကားချက်များကို ဖတ်ရှုမည်ဆိုလျှင် ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော် အရာတို့ကိုမခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်မြင်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာပိုင်းခြား၍ နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည် နားမလည် နိုင်။ (၁ကော ၂:၁၄)

သန့်ရှင်းသောဝိညာဉ်တော်က အနက်ဖွင့်ခြင်းတစ်ခုကိုသာ ရေးသားပေးသူမဟုတ်ဘဲ ဘုရားသခင် ၏ နှုတ်ကပတ်တော်ကိုလည်း ရေးသားသောသူဖြစ်ပါသည်။ လေးနက်သော စာအုပ်တိုင်းက အထူးစိတ်ဝင် စားစရာ ကောင်းပြီး ပုံပိုးမှုကိုအပြည့်အဝပေးပါသည်။ ကျွန်ုပ်တို့ထံမှန်ကန်သော လက်ရာဖြင့် အနက်ဖွင့်ပေးသော စာအုပ် ရေးသားသူရှိသောအခါ လေ့လာကြည့်ရှုခြင်းဖြင့် ကျမ်းစာရေးသားထားသော သူ၏ မှန်ကန်သောလက်ရာကို သိရှိသောအခွင့်အရေးကို အမြဲတမ်းရရှိပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ကျမ်းစာကိုရေးသားသူဖြစ်ပြီး ယုံကြည်သူတိုင်းက ဖွင့်ကြည့်သည့်အချိန်တိုင်းတွင် အနက်အဓိပ္ပာယ်ကို ဖွင့်ပြဖို့ရန်အဆင်သင့်ရှိ နေသော သူဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာကိုသဘောပေါက်ဖို့ရန်ကျွန်ုပ်တို့က သူ့ကိုကြည့်ရမည်ဖြစ်သည်။ ဤ သို့ပြုခြင်းဖြင့် ဖုံးကွယ်သောအရာများကို သဘောပေါက်ရှင်းလင်း လာကြမည်ဖြစ်သည်။ ဆာလံဆရာကဲ့သို့ ကျွန်ုပ်တို့က ဆုတောင်းဖို့ရန်လိုအပ်ပါသည်။ တရားတော်၌ အံ့ဩဖွယ်အရာတို့ကိုမြင်နိုင်မည့်အကြောင်း အကျွန်ုပ်တို့၏ မျက်စိကို ဖွင့်တော်မူပါ။ (ဆာလံ ၁၁၉:၁၈)

ဘုရားသခင်ဖွင့်ပြသော နှုတ်ကပတ်တော်ကို လေ့လာရုံသက်သက်ဖြင့် ပြည့်စုံနိုင်မည်မဟုတ်ဘဲ ကျွန်ုပ်တို့က သဘောပေါက်ဖို့ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုက လိုအပ်ပါသည်။ ဤအရာသည် အများစု၏ သတိမပြုမိသောအရာဖြစ်ပါသည်။ သို့သော် သဘောတရားနားလည်ခြင်းနှင့် ဝိညာဉ်ရေးရာ၏ ဖွင့်ပြချက်တစ်ခုကို သိရှိနိုင်ဖို့ရန်အတွက် အလွယ်တကူပင် မှားယွင်းနိုင်ပါသည်။

ရှေးခေတ်ယုဒလူမျိုးများက ဝိညာဉ်တော်ဖွင့်ပြချက်တစ်ခုကို ရရှိခဲ့ကြပါသည်။ သို့သော် သူတို့ ကိုယ်တိုင်က ဝိညာဉ်တော်၏အနက်ဖွင့်ပေးမည့်အချက်အပေါ် အမှီပြုဖို့ရန် ပျက်ကွက်ခဲ့ကြသောကြောင့် လမ်းလွဲသွားခဲ့ ကြပါသည်။ ယနေ့ ခရစ်ယာန်များကလည်း ဝိညာဉ်တော်၏ဖွင့်ပြချက်ကို ရရှိကြသော်လည်း သူတို့အတွက် သန့်ရှင်းသော ဝိညာဉ်တော်၏အနက်ဖွင့်ပေးချက်အပေါ် မှီခိုခြင်းမရှိသောကြောင့် လမ်းလွဲခဲ့ ကြပြန်ပါသည်။ ဧဝံဂေလိတရားကို သက်ဝင်ယုံကြည်သော အသင်းတော်တစ်ခုလုံး၏ ခံယူချက်မှာ လူတွေရဲ့ ကိုယ်ပိုင် ဖြောင့်မတ်ခြင်း၏ မပြည့်စုံမှုကို အသိအမှတ်ပြုခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့မျက်မှောက်ခေတ်တွင် မည်သည့်လိုအပ်ချက်ကို သင်ပြပြီးမပြည့်စုံသောလူတွေ၏ အသိပညာကို ထိတွေ့ဖို့ရန် မည်သို့လုပ်ဆောင် ရပါမည်နည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သဘောပေါက်ဖို့ရန် အတွက် ကျွန်ုပ်တို့၏ အသိပညာကို လုံးလုံး လျားလျားဘေးသို့ချထားပြီး သန့်ရှင်းသောဝိညာဉ်တော်၏ အနက်ဖွင့်ပေးချက်အပေါ် လုံးဝမှီခိုဖို့ရန် ဖြစ်ပါသည်။ ယေရှုမိန့်ဆိုသောစကားများကို ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ ကောင်းမွန်စွာ သိုထားရမည်ဖြစ်သည်။ “ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသော အဘကိုယ်တော်သည် ပညာလိမ္မာနှင့်ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်းဝှက်ကွယ်ကာ ထားလျက် သူငယ်တို့အား ဖော်ပြတော်မူသည်ဖြစ်၍ ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်းပါ၏။ (မသဲ ၁၁:၂၅)

နှုတ်ကပတ်တော်ကို နားလည်ဖို့ရန်ဝိညာဉ်တော်၏ သင်ပြချက်ကို ကျွန်ုပ်တို့က နေ့စဉ်ခံယူရမည် ဖြစ်သည်။ ယမန်နေ့က ထိတွေ့ဆက်သွယ်ခဲ့သည့်အချက်များကို ယနေ့မှီခိုရ၍မရနိုင်ပါ။ နေ့ရက်သစ်တိုင်းတွင် ကျွန်ုပ်တို့က နှုတ်ကပတ်တော်နှင့် ဆက်သွယ်ဖို့ရန်ဖြစ်ပါသည်။ တိကျသည့်အချိန်သမယအတွက် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်ကိုမှီခိုရမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်က သမ္မာတရားတချို့ကို ဖွင့်ပြခြင်းဖြင့်မပြည့်စုံ သေးပါ။ ထိုဖွင့်ပြချက်ကို ကျွန်ုပ်တို့က ထိပ်တိုက်တွေ့ဆုံဖို့ရန် ဖြစ်ပါသည်။

ဝိညာဉ်တော်၏ ဖြည့်ဆည်းမှုများ

ရှင်ပေါလုက ညီအကိုတို့ ငါသည် သင်တို့ရှိရာသို့ရောက်ရှိလာသောအခါ ဘုရားသခင်၏ သက်သေ ခံချက်ကို ထူးမြတ်သောစကားနှင့် ထူးမြတ်သောပညာအားဖြင့် သင်တို့အားပြသ၍ ရောက်လာ သည်မဟုတ်၊ အကြောင်းမူကား ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတစ်ပါး အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။ သင်တို့နှင့်အတူ ငါရှိနေသောအခါ အားနည်းခြင်း၊ အလွန်ကြောက်ရွံ့

တုန်လှုပ်ခြင်းနှင့်တကွ ငါရှိ၏၊ သင်တို့၏ ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် တည်စေခြင်းငှာ ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့် ယှဉ်သော၊ ဖြာယောင်းသော စကားနှင့် တကွရှိသည်မဟုတ် ဝိညာဉ်တော်၏ နိမိတ်လက္ခဏာတန်ခိုးတော်နှင့်တကွရှိ၏ဟု ပြောဆိုခဲ့ပါသည်။ (၁ကော ၂:၁-၅)

သက်သာလောနိတ်ယုံကြည်သူများထံသို့လည်း ဤနည်းတူစွာပင်ရေးပို့ခဲ့ပါသည်။ ငါတို့သည် သင်တို့နှင့် အတူနေသောအခါ သင်တို့အတွက်အဘယ်သူဖြစ်သည်ကို သင်တို့သိကြသည်နှင့်အညီ ငါတို့ ဟောကြားသော ဧဝံဂေလိတရားသည် သင်တို့၌ စကားသက်သက်ဖြစ်သည်မဟုတ် တန်ခိုးနှင့် ၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ၎င်း၊ ဝိစီကိစ္ဆာမရှိဘဲ အမှန်သိခြင်းနှင့် ပြည့်စုံသောအရာဖြစ်၏။ (၁သက် ၁:၅)

သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကိုအနက်ဖွင့်ပြသည့် သမ္မာတရားဖြင့် အခြားသူများကို ထိရောက်စွာထိတွေ့ဆက်သွယ်နိုင်ဖို့ရန်ဖြစ်ပါသည်။ ဤလမ်းကြောင်းအားအတွက် ကျွန်ုပ်တို့ကသူကို လိုအပ်ပါသည်။ အမှုတော်လုပ်ငန်း၌ ကျဆုံးရခြင်း၏ အကြောင်းရင်းမှာ အောင်မြင်သော ပုံစံရှိသော်လည်း ပုံမှန်အမှုတော်မြတ်ထဲတွင်သာမက လုပ်ဆောင်ချက်အားလုံးသည် လူပညာ၏ စွမ်ကစ်စရာစကားလုံးများဖြင့် သင်ကြားဖို့ရန်ကြိုးပမ်းခြင်းကြောင့်ဖြစ်ပါသည်။ (လူ၏စွမ်းရည်အမြင်၊ စကားပြောကောင်းခြင်းဖြင့် စွဲဆောင်ခြင်း) သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကို မည်သို့သင်ကြား ပြသပါသနည်း။ လိုအပ်သည့် အချက်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်နှင့် လုပ်ဆောင်ချက်ပင်ဖြစ်ပါသည်။

ယနေ့ဝေဒချက်၌ ကျဆုံးစေသည့် အချက်(၃)ချက်ရှိပါသည်။ ပထမအချက်မှာ သန့်ရှင်းသော ဝိညာဉ်တော်ဖွင့်ပြသော နှုတ်ကပတ်တော်ကျမ်းပိုဒ်ထက် အခြားသောအရာများကို သင်ပြဝေငှခြင်း (လူ့အသိပညာဖြင့် ဝေငှခြင်း၊ အနုပညာ၊ စာပေ၊ အတွေးအခေါ်၊ လူမှုရေး၊ သမိုင်းကြောင်း၊ စီးပွားရေး၊ အတွေ့အကြုံ စသည့်ဖြင့် ဝေငှခြင်း ဘုရားသခင်၏ ရိုးရှင်းသော နှုတ်ကပတ်တော်ကို သန့်ရှင်းသော ဝိညာဉ်တော်စာအုပ်အဖြစ် မမြင်ခြင်း) ဖြစ်ပါသည်။

ဒုတိယအချက်မှာ – ဝိညာဉ်တော်သင်ပြသော ကျမ်းစာ၏အကြောင်းအရာများကို လေ့လာပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ဖော်ပြချက်ကိုမခံယူဘဲ လူ့အမြင်ဖြင့် သဘောပေါက်ဖို့ရန်ရှာဖွေခြင်းဖြစ်ပြီး

တတိယအချက်မှာ – သန့်ရှင်းသောဝိညာဉ်တော်ပေးအပ်သော နှုတ်ကပတ်တော်၏ အကြောင်း အရာကို လေ့လာခြင်းဖြင့် ဝိညာဉ်တော်၏ ဖွင့်ပြချက်အောက်တွင် သဘောပေါက်သည့်အရာကို အသိဉာဏ် ၏ စွဲမက်

ဖွယ်ရာစကားလုံးများဖြင့် အခြားသူများထံ ဝေငှပေးပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လက်တွေ့ လုပ်ဆောင်ချက်တန်ခိုးတော်အတွင်းမှ မလုပ်ဆောင်သောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လိုအပ်ချက်မှာ ဤ လမ်းကြောင်းတစ်လျှောက်တွင် သန့်ရှင်းသောဝိညာဉ်တော်အပေါ်၌သာ လုံးလုံးလျားလျားမှီခိုဖို့ရန် ဖြစ်ပါသည်။ ဤသို့ပြုလျှင် သူကမည်သို့ပြောဆိုရမည် မည်သည့်အရာကိုပြောဆိုရမည်စသည့် အချက်များကို သင်ပြလာမည်ဖြစ်သည်။ အကြောင်းအရာများက သူ၏တန်ခိုးတော် ဖြစ်ရမည်ဖြစ်သည်။

ဝိညာဉ်တော်၏ ဖွင့်ပြချက်

The Spirit And Illumination

By Samuel Chadwick (1860-1932)

သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည် မဟုတ်၊ ကြားသမျှကို ဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သော အရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့် မည်။ ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူ ကား ငါနှင့်စပ်ဆိုင်သော အရာကို ယူ၍ သင်တို့အား ဖော်ပြလိမ့်မည်။ (ယောဟန် ၁၆:၁၃-၁၄)

ဘုရားသခင်၏ သမ္မာတရားသည် ဝါကျစာကြောင်း (သို့) အမြင်ကိုသင်ယူခြင်းမဟုတ်ပါ။ သို့သော် ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်ပြီး နက်နဲသောအရာများကို ဖော်ပြခြင်းဖြစ်ပါသည်။ ဝိညာဉ်တော်သည် ဘုရား သခင်၏ နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသော အရာတို့ကိုစစ်တော်မူ၏။ (၁ကော ၂:၁၀)

ဤ အရာသည် ဂရိစကားလုံး၏ နာမဝိသေသနမဟုတ်ပါ။ နက်နဲသောအရာများမဟုတ်သော်လည်း နက်ရှိုင်းသော အရာဖြစ်ပါသည်။ ပရာဖက်များနှင့် မောရှေတို့က ဘုရားသခင်၏ အစွန်းအဖျားကိုသာ မြင်သကဲ့သို့ ဘုန်းတန်ခိုးတော်က အံ့သြဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့် ပင်လယ်သမုဒ္ဒရာနှင့် မိုးကောင်းကင် ကဲ့သို့ နက်နဲလှပါသည်။ နက်နဲခြင်း၏ အစွန်းတစ်ဖက်တွင်ရှိ သောနက်နဲမှု အသိဉာဏ်ဖြင့် လက်လှမ်းမမှီသည့် နက်နဲသော အရာများဖြစ်ပြီး ဘုရားသခင်၏ ဝိညာဉ်တော်က စစ်ဆေးပြီး ဖွင့်ပြခဲ့သော အရာများ ဖြစ်ပါသည်။ (ရောမ ၈:၂၇ နှင့် ဗျာဒိတ် ၂:၂၃) တွင် ဘုရားသခင်နှင့် ခရစ်တော်က စစ်ဆေးဖို့ရန် ပြောဆိုခဲ့ပါသည်။ မေးခွန်းထုတ်စရာမရှိတော့ဘဲ စေ့စပ်သေချာသောအရာကိုဖော်ပြပါသည်။ ဝိညာဉ်တော် က ဘုရားသခင်၏ နက်နဲမှုထဲတွင် လုပ်ဆောင်နေပါသည်။

သူ၏သဗ္ဗညုတဉာဏ်က ဘုရားသခင်၏ နက်နဲမှုကို အမြဲဖွင့်ပြပါသည်။ ရောမ ၁၁:၃၃ တွင် စူးစမ်းရှာဖွေ၍ မရနိုင်သည့် နက်နဲသောအမြင်ကို စုစည်း ထားပါသည်။

ရှာဖွေရမည့်အချက်မှာ ဘုရားသခင်၏နက်နဲခြင်းကို သန့်ရှင်းသော ဝိညာဉ်တော်၏ဖွင့်ပြချက် မှတစ်ပါး အခြားသောအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် သိရှိနိုင်မည်မဟုတ်ပါ။ လူ၏နက်နဲမှုကို လူ၏စိတ်ဝိညာဉ် က သိရှိသကဲ့သို့ ဘုရားသခင်၏နက်နဲမှုကို သူ၏ဝိညာဉ်တော်ကသာလျှင် သိကျွမ်းပါသည်။ ကျွန်ုပ်တို့၏ အသိပညာဖြင့် သူ့ကိုရှာဖွေနိုင်ကြမည် မဟုတ်ပါ။ ကမ္ဘာကိုအုပ်စိုးသော မင်းညီမင်းသားများပင်လျှင် သူတို့၏အသိဉာဏ်ဖြင့် သူကိုသိကျွမ်းမည်မဟုတ်ပါ။ တွင်းကနက်သောကြောင့် သူတို့ကနားလည်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် နက်နဲသော အရာများကရှာဖွေ၍ မရနိုင်သည့်အရာဖြစ်ကြောင်းကို လက်ခံဖို့ရန်သာ ဖြစ်ပါသည်။ သူတို့က ယုံကြည် ကြပါသည်။ သို့သော် သဘောမပေါက်ပါ။ အဘယ့်ကြောင့်ဆိုသော် ဖွင့်ပြချက်ကို သူတို့က မသင်ကြား သောကြောင့် ဖြစ်ပါသည်။ ဝိညာဉ်တော်က ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်သောကြောင့် သူ့အားဖြင့်သာ ဘုရားသခင် အကြောင်းကို ကျွန်ုပ်တို့က သိကျွမ်းကြပါသည်။

ဝိညာဉ်တော်ကခရစ်တော်၏ ဘုန်းတော်ကိုထင်ရှားစေပါသည်။ ဝိညာဉ်တော်၏ဖွင့်ပြချက် မထင် ရှားလျှင် ယေရှုကိုမည်သူကမျှ သိကျွမ်းမည်မဟုတ်သလို ခရစ်တော်၏နက်နဲခြင်းကို လူ့အသိဉာဏ်ဖြင့် ရှာဖွေနိုင်မည် မဟုတ်ပါ။ ဝတ္ထုရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာများက နာဇရက်တွင် နေထိုင်သောသူ၏ အသက်တာကို ပြန်လည် အစဖော်နိုင်ပါလိမ့်မည်။ စာပေပညာဖြင့် ရှင်သန်စေနိုင်ပါလိမ့်မည် ။ သို့သော် ခရစ်တော်က ဤအရာ၌မရှိပါ သန့်ရှင်းသောဝိညာဉ်တော်ကို အမှီမပြုလျှင် မည်သူတစ်ဦးတစ်ယောက် ကမျှ ခရစ်တော်သည် သခင်ဖြစ်ကြောင်းကို ပြောဆိုနိုင်မည်မဟုတ်ပါ။ (၁ ကော ၁၂:၃) သူ၏သင်ကြား ပေးသော အမှန်တရားကလည်း ထပ်တူပင်ဖြစ်ပါသည်။ ဤအမှန်တရားကို ဝါကျစာကြောင်းအဖြစ် ရှာဖွေနိုင်မည်မဟုတ်ပါ။ အကွာရာစာလုံးက အာနိသင်မရှိပါကားတိုင်သည် အမြဲပင် ပဟေဠိနှင့်အဓိပ္ပာယ်မရှိ သောအရာဖြစ်ခဲ့ရပြီး ဤလောက၏အသိပညာက ရှုံ့ရှာဖွယ်ရာပင်ဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော် တစ်ပါးတည်းကသာလျှင် ဤနက်နဲသောအရာကို သိကျွမ်းပြီး ဤအရာများကို ညွှန်ကြားကာ ဖွင့်ပြပါသည်။ ခရစ်တော်၏ နက်နဲခြင်းက စူးစမ်းရှာဖွေလို့မရသောအရာ ဖြစ်ပါသည်။ သူ၏ ချစ်ခြင်း မေတ္တာကအသိဉာဏ်ကိုကျော်လွန်ပါသည်။ ခရစ်တော်၏ ကျေးဇူးတော်ကတိုင်းတာ၍မရပါ။ သူ၏ ဘုန်းတန်ခိုးတော် ကလည်း တွေးတော၍ မရနိုင်သည့်အရာတစ်ခုဖြစ်ပါသည်။ ဤအရာများက နက်သထက်နက်နဲပြီး မြင့်သထက်

မြင့်မားသောအရာဖြစ်ပါသည်။ နက်နဲမှုထဲက နက်နဲမှု ဘုန်းတော်ထဲက ဘုန်းတော်ဟု ခေါ်ဆိုရမည့် အရာပင်ဖြစ်ပါသည်။ လူတွေရဲ့သဘာဝက အဓိပ္ပာယ်မရှိသော အရာဖြစ်ပြီး ဝိညာဉ်တော်က ဖွင့်ပြသော အခါမှသာလျှင် ထာဝရသေချာသောအရာများများဖြစ်လာပါသည်။ သူ့ကို ကျွန်ုပ်တို့ကသိရှိသည့် အချက်ကို ကျွန်ုပ်တို့သိကျွမ်းပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့က သန့်ရှင်းသောဝိညာဉ်တော်၏ ဘိတ်သိတ် တစ်ခုကိုရရှိသောကြောင့် သူ၏အကြောင်းအရာများကို ကျွန်ုပ်တို့ထံ ဖွင့်ပြကာ လုပ်ဆောင်ပေးပါသည်။

ဝိညာဉ် မျိုးစေ့ကို ကြဲခြင်းဖြင့် ထာဝအသက်ကို ရိတ်သိမ်းခြင်း

Sow To The Spirit – Reap Eternal Life!

By Rich Carmichael

ဆောင်းပါးအများစုတွင် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကဏ္ဍများကို ဦးထိပ်ထား သလိုပင် ဤ ဟီးလာဒ်အဖွဲ့၏ ဦးတည်ချက်အနှစ်သာရတွင်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့် လုပ်ဆောင်ချက်အပေါ်တွင် မည်သို့လုံးလုံးလျားလျား အားကိုးအားထားပြုရမည့် အချက်ကို ဦးထိပ်ထားပါသည်။ ထို့ကြောင့် တမန်တော်ရှင်ပေါလု၏ စကားလုံးဖြင့် အစပြုတင်ပြလိုပါသည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသော သူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ (ဂလာတိ ၆:၈)-

မရှိမဖြစ်လိုအပ်သော သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးနှင့် နှစ်သက်ဖွယ်ရာ အလင်းတရား က ကျွန်ုပ်တို့အတွက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အသက်တာ၌ သူ၏လုပ်ဆောင်ချက်နှင့် မျက်မှောက်တော်ကို ကျွန်ုပ်တို့အထူးဂရုစိုက်ကာ ကြိုဆိုကြဖို့ရန်ဖြစ်သည်။ ဝိညာဉ်ပကတိရှိသော သူတို့မူကား ဝိညာဉ်ပကတိနှင့် စပ်ဆိုင်သောအရာတို့ကို စွဲလမ်းသောစိတ်သဘော ရှိကြ၏။ (ရောမ ၈:၅) ဘုရားသခင်နှစ်သက်သော အရာကို လုပ်ဆောင်ပါ။ (၁သက် ၄:၁) ကျွန်ုပ်တို့က ဝိညာဉ်တော်ဖော်ပြသည့် အရာအားလုံးကို တုန့်ပြန်ကာ သတိရှိဖို့ရန် လိုအပ်ပါသည်။ (ဗျာဒိတ် ၂:၇) သူ၏ သတိပေးချက်အတိုင်း ဘုရားသခင်ထံ ကျွန်ုပ်တို့၏ နှလုံးသားများကို မခိုင်မာစေဖို့ရန်လည်း ဖြစ်ပါသည်။ (ဟေဗြဲ ၃:၇-၈)

နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်း ဝိညာဉ်ပကတိမျိုးစေ့ကြဲသည့်နည်းလမ်းတစ်ခုမှာ ကျွန်ုပ်တို့အသက်တာထဲသို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မျိုးစေ့ကြဲခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဝိညာဉ်တော်၏ ဓါးဖြစ်ပါသည်။ သူ၏ လုပ်ဆောင်ချက်က ကျွန်ုပ်တို့အထဲတွင် သီးပွင့် စေခြင်းဖြစ်

ပါသည်။ (၁သက်၂:၁၃)ယေရှုသင်ပြသော ကောင်းသောမြေ၌ အစေ့ကြဲခြင်း အကြောင်းအရာကား တရား စကားကို ကြား၍ နှလုံးသွင်းသဖြင့် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာ ပွားများ၍ အသီးသီး တတ်သည်ဟု မိန့်တော်မူသည့်အတိုင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ခပ်သိမ်းသော ညစ်ညူးခြင်း၊ မနာလိုသော စိတ်လွန်ကျူးခြင်းကို ဖယ်ရှား၍ ကျွန်ုပ်တို့၏စိုက်ပျိုးသော နှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သော စိတ်နှင့် ခံယူကြဖို့ရန်ဖြစ်သည်။ (ရှင်ယာလုပ် ၁:၂၁-၂၂) အချိန် တစ်ခုထဲတွင်မှန်ကန်သော သမ္မာတရား၏ ခံယူချက်မှ လူတွေက လမ်းလွဲကြပါသည်။ (၂တေမောသေ ၄:၃-၄) ထို့ကြောင့် ကျွန်ုပ်တို့က ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပိုမိုလုံလုံစိုက်ကာ ဖတ်ရှုဖို့ရန်လိုအပ်ပါသည်။ လေ့လာပါ။ နှလုံးသွင်းပါ။ နာခံပါ။ ဝေငှပါ။ ဤသို့ဖြင့် ကျွန်ုပ်တို့က လုပ်ဆောင်သောအခါ သန့်ရှင်းသောဝိညာဉ်တော်က သစ္စာရှိစွာဖြင့် ကျွန်ုပ်တို့ကို သင်ကြားပို့ချ လိမ့်မည်ဖြစ်သည်။ (ယောဟန် ၁၄:၁၆) ကျွန်ုပ်တို့အသက်တာ၌ လိုအပ်ချက်များကို ပြုပြင်မွမ်းမံဖို့ရန် ကျမ်းစာအားဖြင့် သူကအလုပ်လုပ်ပြီး ဖြောင့်မတ်ခြင်းထဲသို့ ကျွန်ုပ်တို့ကို သွေးဆောင်ကာ ကောင်းသော အလုပ် အားလုံး အတွက် ကျွန်ုပ်တို့ကို ဖြည့်ဆည်းပေးပါသည်။ (၂တေမော ၃:၁၆-၁၇)

ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာအားဖြင့်လည်း ဝိညာဉ်ပကတိမျိုးစေ့ကို ကြဲနိုင်ပါသည်။ ကျမ်းစာက ဆုတောင်းဖို့ရန် ညွှန်ကြားပါသည်။ ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းကြလော့ (ဧဖက် ၆:၁၈) ကျွန်ုပ်တို့ အားနည်းသောအခါ မည်သို့ဆုတောင်းသင့်သည်ကိုမသိကြပါ။ ဘုရားသခင်၏ အလိုတော် အတိုင်း ကျွန်ုပ်တို့အတွက် ကိုယ်စားပြုဖို့ရန် ဝိညာဉ်တော်ကို မှီခိုကြဖို့ဖြစ်ပါသည်။ (ရောမ ၈:၂၆-၂၇)

ဆုတောင်းခြင်း၏အကျိုးသက်ရောက်မှုကို မည်သည့်အတိုင်းအတာအထိ လုပ်ဆောင်ဖို့ရန် စဉ်းစားခြင်းက ဝိညာဉ်တော်ကို ကိုယ်စားပြုခြင်းဖြင့် ဝိညာဉ်ထဲ၌ ဝိညာဉ်ရေးကို လက်ကမ်းခြင်းပင် ဖြစ်ပါသည်။ မည်သို့ ရိတ်သိမ်းခြင်းကဖြစ်နိုင်ပါသနည်း။ အကယ်၍ ကျွန်ုပ်တို့၏ တိုင်းပြည်၊ လူစုလူဝေး၊ ကျွန်ုပ်တို့၏ အသင်းတော် ကျွန်ုပ်တို့ ချစ်ခင်သောသူတစ်ယောက်အတွက် ဆုတောင်းရာ၌ သန့်ရှင်းသော ဝိညာဉ်တော်ကို ရာနှုန်းပြည့် မှီခိုကြ မည်ဆိုလျှင် ထာဝရနှင့် ယခုအချိန် နှစ်ခုစလုံးအတွက် ရိတ်သိမ်းခြင်း ကမည်သို့ ဖြစ်လာနိုင်ပါမည်နည်း။

တစ်စုံတစ်ယောက်ကရေးသားခဲ့သည့်အတိုင်းပင် သန့်ရှင်းသော ဝိညာဉ်တော်ထံတွင် ကျွန်ုပ်တို့ကလည်း မျိုးစေ့ကြဲကြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ကြီးစိုးမှုနှင့် လမ်းပြမှုအောက်တွင် ကျွန်ုပ်တို့ ရှိသောအခါ ခရစ်တော်၌ ယုံကြည်ခြင်းဖြင့် အသက်ရှင်သည့် အသက်တာတစ်ခုနှင့် ခရစ်တော်၏ ကျေးဇူး တော်၌

ရစ်နှောင်ကြပါသည်။ အခြားစကားလုံးဖြင့် ပြောရမည်ဆိုလျှင် ဘုရားသခင်၏ အလိုတော် ဖွင့်ပြချက်နှင့် ဝိညာဉ်တော်၏ ညွှန်ကြားချက်၊ မိန့်မှာချက်များကို နာခံခြင်းအားဖြင့် ဘုရားသခင်၏ ဘုန်းတော် အတွက် ကျွန်ုပ်တို့ကို ဘုရားသခင်ပေးအပ်ခဲ့သော အရာများဖြစ်သည့် ကျွန်ုပ်တို့၏တန်ဆာပလာ များ (သို့) အသုံးပြုသည့် အချိန်များ၊ ခွန်အားများ၊ လုပ်ဆောင်နိုင်စွမ်းများကို ပေးကမ်းခြင်းသည် ဝိညာဉ်တော် မျိုးစေ့ကိုကြဲခြင်းပင် ဖြစ်ပါသည်။ ရှင်ပေါလုက (ဂလာတိ ၆:၈) တွင် ဖော်ပြခဲ့သည့် နှုတ်ကပတ်တော်ကို ဆင်ခြင်လျက် ကောင်းသောအရာ များကို ကျွန်ုပ်တို့က ဝေငှကာ နှုတ်ကပတ်တော် သင်ပြသောသူများနှင့် ယုံကြည်သူအားလုံးက ကောင်းသော အလုပ်ကို လုပ်ဆောင်ကြဖို့ရန် ဖြစ်ပါသည်။ (အခန်းက် ၆) အခန်းက် ၉-၁၀တွင် တွေ့ရသည့်အတိုင်း ငါတို့သည် အားမလျော့ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထို့သို့တည်ကြည်၍ ကျင့်လျင် အချိန်တန်သော ကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။ ထို့ကြောင့် ငါတို့သည် အဆင်သင့်သည့်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။

ရက်ရောစွာ မျိုးစေ့ကြဲခြင်းနှင့် ရက်ရောစွာ ရိတ်သိမ်းခြင်း

မျိုးစေ့ကြဲခြင်းနှင့် ရိတ်သိမ်းခြင်းနှင့် ပတ်သက်သည့်ဘုရားသခင်၏ ဥပဒေသတစ်ခုတွင် အနည်း ငယ်သောမျိုးစေ့ကို ကြဲသောသူသည် စပါးအနည်းငယ်ကိုသာ ရိတ်ရမည်၊ များစွာကြဲသောသူသည် များစွာရိတ် ရမည်ဟု (၂ကော ၉:၆)တွင် ဖော်ပြထားပါသည်။ သင်ရရှိသော သန့်ရှင်းသောဝိညာဉ်တော်နှင့် တည်ကြည်ဖို့ ရန်အတွက် ကျွန်ုပ်ခွန်အားပေးလိုသည့်အချက်မှာ သူ့ထံသို့ရက်ရောစွာ မျိုးစေ့ကိုကြဲကာ သင်၏ အသက်တာတစ်ခု လုံးကိုသူ့ထံသို့ အည့်ခံဖို့ရန်ဖြစ်ပါသည်။ သင်မည်သို့ လျှောက်လမ်းသည်ကို ဂရုစိုက်ပါ။ ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနုတ်ကြလော့။ ထို့ကြောင့်သတိမရှိသော သူမဖြစ် သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူဖြစ်ကြလော့။ လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကို ရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့ (ဧဖက် ၅:၁၆-၁၈)

သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့်ပိုမိုထိတွေ့ဖို့ရန် ဘုရားသခင်ထံသို့ တောင်း လျှောက်လိုက်ပါ။ အတိုင်းအတာမရှိသော တန်ဖိုးရှိသည့် ဤဆုကျေးဇူးကိုပေးဖို့ရန် သူက စိတ်ထက် သန်သည့် အကြောင်းကိုသိမှတ်ပါ။ (ယောဟန် ၃:၃၄) လုကာ ၁၁:၁၃ သန့်ရှင်းသော ဝိညာဉ်တော် ကို စိတ်မနာစေဘဲ အပြစ်များကို ဖယ်ရှားဖို့ရန် အထူးဂရုစိုက်ပါ။ (ဧဖက် ၄:၃၀) ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေကြနှင့်။ ပရောဖက်ပြု

ခြင်းကို မထီမဲ့မြင်မမှတ်ကြနှင့်။ ခပ်သိမ်းသော အရာကို စုံစမ်း၍ ကောင်းသောအရာကို စုံစမ်း၍ ကောင်းသောအရာကို အမြဲကိုင်ဆွဲကြလော့။ မကောင်းမှု အမျိုးမျိုးရှိသမျှကို ရှောင်ကြလော့။ (၁သက် ၅:၁၉-၂၂) သင်၏ အပြစ်များကို ဝန်ချကာ ဘုရားသခင်က ဆေးကြောသန့်ရှင်း ပေးဖို့ရန်အတွက် တောင်းလျှောက်ပါ။ (ဆာလံ၅၁:၁-၁၁)

သင်၏စိတ်နှလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပြည့်စုံစေပါဆုတောင်းဖို့ရန် သင်ကိုယ်တိုင် ဆက်ကပ်ပါ။ သင်ဆုတောင်းသောအခါ သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီဖေးမမှုနှင့် လမ်းပြမှုကို ခံယူပါသည်။ သင်၏အသက်တာ၌ ဝိညာဉ်အသီးများများသီးဖို့ရန်အတွက် တောင်းဆိုပါ။ အရာရာ၌ စိတ်နှိမ့်ချခြင်း နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့် တစ်ယောက်ကို တစ်ယောက် သည်းခံခြင်းရှိကြ၍ အသင့်အတင့်ပေါင်းဖော်ခြင်း အဖွဲ့အစည်းအား ဖြင့် သင်တို့သည် အချင်းချင်းစိတ်သဘောမခြားမနား တစ်လုံးတစ်ဝ တည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။ (ဧဖက်၄:၂-၃) အသက်တာကို ဆေးကြောစင်ကြယ်ပေးဖို့ရန် ဘုရားသခင်ထံတောင်းဆိုပါ။ ဘုရားသခင် သည် ညစ်ညူးစေခြင်းငှာ ငါတို့ကိုခေါ်တော်မူသည်မဟုတ် သန့်ရှင်း စေခြင်းငှာ ခေါ်တော်မူသည့် အကြောင်းကို သိမှတ်ပါ။ (၁သက် ၄:၇-၈,၅:၂၃)

ထာဝရအသက်၏ ဆုလာဒ်

ဝိညာဉ်မျိုးစေ့ကိုကြဲခြင်းဖြင့် သင်ရိတ်သိမ်းမည့် မြင့်မြတ်သောဆုလာဒ်ဖြစ်သော ထာဝရအသက်အတွက် ဝမ်းမြောက်ပါ။ ဝိညာဉ်ပကတိမျိုးစေ့ကို ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရ အသက်ရှင်ခြင်း အသီးအနှံ၏ ဆုလာဒ်ဖြစ်သော ထာဝရအသက်တာအကြောင်းကို ကျွန်ုပ်တို့စဉ်းစားသောအခါ ဤ အရာ ထက်ပို ပါသည်။ “ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင်တစ်ဆူတည်း ဖြစ်တော်မူသော ကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသော ယေရှုကိုငင်း၊ သိကျွမ်းခြင်းတည်းဟု ယေရှုက ပြောဆိုခဲ့ပါသည်။ (ယောဟန် ၁၇:၃) တမန်တော်ယောဟန်က ဤသို့ဖြည့်စွက်ခဲ့ပါသည်။ ဘုရားသခင်၏ သားတော်သည် ကြွလာ၍ မှန်သော ဘုရားသခင်ကို သိသောဉာဏ်ကို ငါတို့အားပေးတော်မူ သည်ကိုလည်း ငါတို့သိကြ၏။ မှန်သောဘုရားသခင်၌ငင်း သားတော်ယေရှုခရစ်၌လည်းကောင်း ငါတို့သည် တည်လျက်ရှိ ကြ၏။ ထိုသူသည်မှန်သော ဘုရားသခင ဖြစ်တော်မူ၏။ ထာဝရအသက်လည်း ဖြစ်တော်မူ၏။ (၁ဖိ:သာ ၅:၂၀) ယေရှုကြွလာခြင်းက ကျွန်ုပ်တို့ကြွယ်ဝသော အသက်တာကိုရရှိဖို့ရန်ဖြစ်ပါသည်။ (ယောဟန် ၁၀:၁၀) သူကိုယ်တိုင်က အသက်ဖြစ်ပါသည်။ (၁ယော ၁:၁-၂

ယောဟန် ၁၄:၆) ထာဝရအသက်ဆုလာဒ် သည် ယခုဤမျက်မှောက်ခေတ်တွင်လည်း ဖြစ်ပါသည်။ (ယောဟန် ၃:၁၆ , ၁ ယော ၅:၁၁) ထာဝရခံစားရမည့်ကာလတွင် ပြည့်စုံမည့်ဘုန်းတော်ကို ရှာဖွေပါ။ (မာကုဝ:၃၀ ယု ၃ အငယ် ၂၁)-

ထာဝရအသက်တာအတွက် ဘုရားသခင်ကို ချီးမွမ်းပါ။ ထာဝရအသက်တာအတွက် ကျွန်ုပ်တို့ကို ပေးသည့် သားတော်ထဲရှိ ထာဝရအသက်တာအတွက် ဘုရားသခင်ကို ချီးမွမ်းပါ။ (ယောဟန် ၆:၆၃) ဝိညာဉ်ပကတိမျိုးစေ့ကို ရက်ရောစွာကြဲကာ အသက်စမ်းရည်စီးဆင်းမည့် အသက်တာအတွက်လည်း ဝမ်းမြောက်ကြပါစို့။ (ယောဟန် ၄:၁၄)

အချင်းချင်းဆုတောင်းပေးကြပါ။

ဝိညာဉ်ထဲ၌ ကျွန်ုပ်တို့နှင့်အတူသင်တို့က အတူရှိကြသောကြောင့် ဟီလာဒ်အမှုဆောင်များ အနေဖြင့် ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းကြပါသည်။ ထို့ကြောင့် အချင်းချင်းဆုတောင်းပေးကြဖို့ရန် ရှင်ပေါလု၏ နိုးဆော်ချက်ကို တင်ပြလိုပါသည်။

ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်ထဲဟူသော သားတော်အပေါင်းတို့၏ အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ ငါဒူးထောက်၍ ဆုတောင်း လေ့ရှိ၏။ ဆုတောင်းသော အချက်ဟူမူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခံ့စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးအထဲ၌ ကိန်းဝပ်တော်မူမည့် အကြောင်း ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာ သင်တို့အားပေးတော်မူ၍ မေတ္တာ၌ စိုက်ပျိုးခြင်း တိုက်မြစ်လည်းကျတည်ဆောက်ခြင်းရှိသဖြင့် သင်တို့သည် သန့်ရှင်းသူ ပေါင်းတို့၏ နည်းတူ အနံ၊ အလျား၊ အနက်၊ အမြင့်ကို ပိုင်းခြား၍ ၎င်းကိုယ့်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှာလည်းကောင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော် မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်။ အကြောင်းငါသည် ဆုတောင်းလေ့ရှိ၏။ ဧဖက် ၃:၁၄-၁၉)

ဝိညာဉ်တော်၏ ပြည့်စုံခြင်း

The Fullness Of The Spirit

By F.B. Meyer

ဝိညာဉ်တော်နှင့်ပြည့်စုံကြလော့ (ဧဖက် ၅:၁၈) အသင်းတော်နှင့် ခရစ်ယာန်တစ်ဦးချင်းစီ၏ လိုအပ်သော ဝိညာဉ်တော်သည် မည်သည့်အရာနှင့်မှအစားထိုး၍ မရနိုင်သည့်အရာဖြစ်ပါသည်။ လည်ပတ် နေသော ကြိတ်ဆုံ ကျောက်က ပြည့်လျှံသော စမ်းချောင်းရေကြောင့် ဖြစ်သကဲ့သို့ အသင်းတော်ကို လည်ပတ် စေသော အရာမှာလည်း သန့်ရှင်းသော ဝိညာဉ်တော်ပင်ဖြစ်သည်။ အသက်တာ၏ စည်းမျဉ်းသည် ခန္ဓာကိုယ်အဖို့ ဖြစ်သလို သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း တစ်ဦးချင်းစီအတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အခက်အခဲ ပြဿနာများ၏ ရှေ့တွင် ကျွန်ုပ်တို့၏ ရပ်တည်ချက်အခြေအနေက နွမ်းပါးလျက် အနေခက်တတ်ကြပါသည်။ သူ၏ သူတော်စင်များ၏ နှလုံးသားထဲ၌ တန်ခိုးတော်နှင့် ချစ်ခြင်းမေတ္တာ ရေစီးကြောင်း တစ်ခုကို သူလုပ်ဆောင်သည့် အထိတိုင်အောင် ကျွန်ုပ်တို့အတွက် ပဋိပက္ခဖြစ်နေပါသည်။

ဤလမ်းကြောင်းတွင် စာဖတ်သူများအကြား၌ ဝိညာဉ်ရေးရာအားနည်းမှု ပုံစံအမျိုးမျိုးဖြင့် ခံစား နေရသောသူက အများကြီးရှိနိုင်ပါသည်။ ဤအရာအားလုံး၏ တိုက်ရိုက်လိုအပ်ချက်မှာ ဝိညာဉ် ရေးရာပင် ကိုယ်အရည်အချင်းပင်ဖြစ်ပါသည်။ သူတို့က သူ့ကိုလုံးလုံးလျားလျား ချို့တဲ့နေကြသည်တော့ မဟုတ်ပါ။ ဤ သို့ဖြစ်နေကြလျှင် အားလုံးက ခရစ်ယာန်ဖြစ်ကြမည်မဟုတ်ပါ။ သို့သော်သူက သူတို့ အတွင်း၌ တည်ရှိနေပါ သော်လည်း သေးသွယ်သော အပ်ချည်ပေါက်တစ်ခု၊ ငွေချည်မှျင်တစ်ခု၊ တိမ်သော ချောင်းငယ်တစ်ခုကဲ့သို့သာ ထင်ရှားနေပါသည်။ အဘယ့်ကြောင့် ဤသို့သော အခြေအနေနှင့် ကျွန်ုပ်တို့က တင်းတိမ်ရပါမည်နည်း။ ပင်တေကုတ္တော၏ ပြည့်စုံခြင်း၊ အပ်နှင်းသော တန်ခိုးတော် ဝိညာဉ်တော်မီး၊ ဤအရာအားလုံးက ကျွန်ုပ်တို့၏ လက်လှမ်းမှုထဲတွင် ရှိနေပါသည်။ ထို့ကြောင့် ဘုရားသခင်အပ်နှင်းသည့် အရာအားလုံးကို ရရှိဖို့ရန် သန့်ရှင်းသော ရည်မှန်းချက်ဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံးကို နှိုးထစေကြပါစို့။

ဘုရားသခင်၏ နှုတ်ကပတ်တော်မှ အလားတူသည့်အချက်ကို ဆွဲယူခြင်းဖြင့် ဤနှိုင်းယှဉ်ချက်ကို ထင်ရှားစေဖို့ရန်မခက်ပါ။ ရိုးသားစွာဖြင့် ပြေဆိုရမည်ဆိုလျှင် မင်္ဂလာရှိသော ကျွန်ုပ်တို့၏ သခင်ကသူ၏ ကိုယ်ပိုင်လုပ်ငန်းစဉ်တွင် အံ့သြဖွယ်ရာတန်ခိုးတော်များစွာကို ပိုင်ဆိုင်ပါသည်။ သူမွေးဖွားသည့်အချိန်မှ ဝိညာဉ်တော် နှင့် ပြည့်စုံသော်လည်း ရေဋ္ဌနှစ်ခြင်းခံသည့် အချိန်တွင်စတင်ပြီး ဘိတ်သိတ်ခြင်းကိုရရှိခဲ့သည် မဟုတ်ပါလား။ (လုကာ၄:၁) ဂါလိလဲသို့ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ပြန်သွားခဲ့ပါသည်။ (ငယ်၁၄) သူ၏ဇာတိမြို့ရှိ ဘုရားကျောင်းတွင်ရပ်ခဲ့ပါသည်။ ရှေးပရောဖက်က အခိုင်အမာမိန့်ဆိုသည့် အတိုင်းပင် ဘုရားသခင်၏ ဝိညာဉ်တော်က သူ့အပေါ်တွင်တည်၏။ (အငယ် ၁၈) သူ၏အံ့သြဖွယ်ရာမိန့်မှာချက် များနှင့် လုပ်ဆောင်ချက်များက တိုက်ရိုက်လိုက်ပါလာခဲ့ပါသည်။ (တမန် ၁၀:၃၈)

သင်လို့အပ်ပါသလား။

အပြစ်ကိုအောင်နိုင်ဖို့ရန် သင်လိုအပ်ပါသလား။ သန့်ရှင်းသောဝိညာဉ်တော်ကို သင်လျစ်လျူရှုမည် ဆိုပါက အံ့သြဖွယ်ရာများ ဖြစ်လာမည်မဟုတ်ပါ။ သူသည် အသွေးအသား၏ အုပ်စိုးမှုကို ပေါ်ထွန်းစေသည့် အရာများအား ဖြေဖျောက်ပေးသော ကောင်းကြီးမင်္ဂလာပင်ဖြစ်ပါသည်။ အသွေးအသားနှင့် ဆန့်ကျင်သော သူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ တပ်မက်မှုကိုပြေပျောက်စေပါသည်။ (ငယ် ၅:၁၇) ကျွန်ုပ်တို့၏ စိတ်နှလုံးတွင် သူ၏ဘုန်းတန်ခိုးနှင့် ပြည့်စုံသောအခါ သွေးဆောင်ခြင်းများက ငြိမ်သက်သွားပါသည်။ အမှောင်ထုက လူတွေကို တွန်းလှန်နိုင်ခြင်းထက် အပြစ်ကိုသန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက် တော်က ပို၍ဆန့်ကျင်ပြီး မနက်ခင်း၏ အလင်းရောင်ခြည်ကဲ့သို့ အားလုံးကို ဝေဆာစေပါသည်။

သို့ရာတွင် သူကိုဝမ်းနည်းစေပါက သူ၏ တန်ခိုးတော်ကို ငြိမ်းစေပါသည်။ စိတ်ဝိညာဉ်က မလွတ်မြောက်တော့ပါ။ သို့သော်ဤ နာကျည်းဝမ်းနည်းစေခြင်းကို နောင်တရကာ နှိမ့်ချစွာဖြင့် အစာရှောင် ဆုတောင်းခြင်းကို အားကိုး အားထားပြုဖို့ရန် လိုအပ်ပါသည်။ ယေရှုတပါးတည်းကသာ ကျွန်ုပ်တို့ကို သေခြင်းနှင့် အပြစ်၏ ဥပဒေသမှ လွတ်မြောက်စေနိုင်သည့်အချက်က ဝိညာဉ်တော်၏ ဥပဒေသဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်က ဤလုပ်ဆောင်ချက်ကို ဝန်ခံမှသာလျှင်ရရှိကြလိမ့်မည်ဖြစ်သည်။ (ရောမ ၈:၂)

သန့်ရှင်းခြင်းအသီးကို သင်လို့အပ်ပါသလား။

ကျွန်ုပ်သိကျွမ်းသော သူအချို့က ဖြောင့်မတ်ခြင်းအသီးနှင့် အထူးပြည့်စုံထင်ရှားနေကြသော ကြောင့် ဘုရားသခင်ကို ချီမွမ်းမိပါသည်။ ထို့သို့သောသူတို့၏ နောက်ကို ကျွန်ုပ်တို့က လိုက်ကြဖို့ရန် ဖြစ်ပါသည်။ သူ၏ ဝမ်းနည်းခြင်းခွက်ကို သူတို့သောက်ကြသော်လည်း သူတို့၏ မျက်နှာများက ဘုရား သခင်၏ မျက်မှောက် တော်ဖြင့် တောက်ပနေကြပါသည်။ သူတို့၏ စိတ်ထားက သိမ်မွေ့ပြီး ပင်ကိုယ် စရိုက်က ကြည်လင် သန့်ရှင်း နေပါသည်။ ကိုယ်ကျိုးမရှာပါ။ သူတို့၏ အပြစ်ကင်းသော နှိမ့်ချသည့် စိတ်ထားမှ ရောင်ပြန်ဖြာ ထွက်လာသည့် မဖော်ပြနိုင်သော လှပမှုများက သူတို့၏ ပြုမူချက်တစ်ခုလုံးကို လွှမ်းမိုးထားပါသည်။ ဤသို့သော တင့်တယ်မှု များသည် ကျွန်ုပ်တို့ လိုအပ်သောအရာများဖြစ်ကြပါသည်။

ခရစ်တော်ထံသို့ လူတွေကို ဆွဲဆောင်နိုင်မည့်အရေးက ကျွန်ုပ်တို့အထဲတွင် နည်းပါးနေပါသည်။ မစိမ့် ဝင်နိုင်ပါ။ ကျွန်ုပ်တို့၏ လက်၊ ခြေကဗလာသက်သက်ဖြင့် ပြောင်တလင်းဖြစ်နေပါသည်။ ဤအချက်များက သက်သေ ဖြစ်နေပါသည်။ အသက်တာထဲသို့ လမ်းပြဖို့ရန် သန့်ရှင်းသော ဝိညာဉ်တော်ကို အခွင့်မပေးကြပါ။ သူ၏ အံ့သြဖွယ်ရာ မျက်မှောက်တော်အစွမ်းက ကျွန်ုပ်တို့အထဲတွင် ရှိနေပါသည်။ အရသာရှိသောအသီးကို စားဖို့ရန် ကျွန်ုပ်တို့က တွန့်ဆုတ်နေကြပါသည်။ ဤကဲ့သို့သော အခြေအနေနှင့် ဖြစ်နိုင်မည့်အရာမဟုတ်ပါ။

သင်၏ လှုပ်ဆောင်ချက်များတွင် တန်ခိုးလို့အပ်ပါသလား။

အခြားသူများ၏ ကယ်တင်ခြင်းအတွက် သင့်တွင် ဆာလောင်ငတ်မွတ်မှုမရှိပါ။ သင့်၌ဝိညာဉ် မီးတောက် လောင်မှုမရှိပါ။ ဘုရားသခင်ထံမှ အဆက်ပြတ်သွားကြသော လူတွေအပေါ်ပြင်းပြစွာ ခံစားပေးခြင်း မရှိခဲ့ဘူးပါ။ ဝေဌ ဟောကြားသောစကားများက တန်ခိုးမပါဘဲ ကင်းမဲ့နေပါသည်။ စာတန်က သင်၏ ကြိုးပမ်းချက်ကို ဖြတ်ချပြီး သင့်ကို လှောင်ပြောင်နေပါသည်။ သင်သည် အဆင်မပြေသော အချိန်တခဏတာ အတွက် ပြန်လည် အိပ်နေသောသူ ဖြစ်နေပါသည်။ ထို့ကြောင့် အရင်က ထက်ပို၍ နက်နက်နဲနဲဖြင့် အိပ်ပျော်ခြင်းထဲသို့ သင်သည် မကြာခင်ကျ ဆုံးသွား နိုင်ပါသည်။ အိမ်၊ အတန်း၊ လူစုလူဝေးကို အရှုံးပေးသော ကြောင့် အကျိုးရလဒ်က ဖြစ်ထွန်းခြင်း မရှိပါ။ သင်၏ ခြင်းတောင်းထဲတွင် ထည့်စရာအသီးကမရှိ ထို့ကြောင့် သင်၏အစွမ်းဖြင့် ခေါ်ဖိတ်မှုတွင် လက်ခံမည့် အသင်းသား သစ်မရှိပါ။

ယေရှုကတိပြုသော တန်ခိုတော်ကို သင်မရရှိသည့်တိုင်အောင် အခြားနည်းလမ်းဖြင့် သင့်အတွက် မျှော်လင့်စရာရှိနိုင်မည်မဟုတ်ပါ။ ယေရှု၏ မိန့်မှာချက်ကို သတိရပါ။ သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးခံရ၍ ယေရှုဆလင်မြို့မှစသော ယုဒရှာမာရိ ပြည်မြေကြီး စွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူခဲ့ပါသည်။(တမန် ၁:၈)

ဤအရာဖြင့် အစောပိုင်းကာလ ခရစ်ယာန်များက သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝကာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရဲဝင့်စွာဟောကြားလျက် ယေရှုခရစ်တော် ရှင်ပြန်ထမြောက်ခြင်းကို ကြီးမာသော တန်ခိုးတော်ဖြင့် သက်သေခံခဲ့ကြပါသည်။

ဝိညာဉ်တော်နှင့်ပြည့်ဝလိုသောဆန္ဒ

ကျွန်ုပ်တို့က သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝကြမည်ဆိုလျှင် အခြာသော ပျော့ကွက်များကို တွေ့ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိရမည့် အရာများမှာ ပျော်ရွှင်မှု တန်ခိုးတော် သခင်ယေရှု၏ အသိပညာ ဘုရားသခင်၏အလိုတော်နှင့် ပုံမှန်ရပ်တည်မှု စသောအခြေအနေများဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လိုအင်ဆန္ဒများကို ချပြမှသာလျှင်ပြည့်စုံသော သန့်ရှင်းသော ဝိညာဉ်တော်၏ ကိန်းဝပ်ခြင်းကို ရရှိကြမည်ဖြစ်သည်။ ထိုကြောင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ကြလော့ ဟူသောစကားလုံးက ဖြစ်နိုင်သည့် မိန့်မှာချက်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ပြည့်စုံဖို့ရန် နာခံရမည့် အရာဖြစ်ပါသည်။ ဘုရားသခင်၏ မိန့်မှာချက်များက ကျွန်ုပ်တို့ လုပ်ဆောင်နိုင်မည့် အရာများပင်ဖြစ်ပါသည်။ အခြားစကားလုံးဖြင့် ပြောရမည်ဆိုလျှင် သူပြောသည့်အတိုင်း ဖြစ်လာဖို့ရန် ကျွန်ုပ်တို့အတွက် သူကပြင်ဆင်ခဲ့ပါသည်။ ပင်တေကုတ္တေ နေ့ရက်သည် နှုတ်ကပတ်တော် လာသည့် အတိုင်းပင် ကျွန်ုပ်တို့အတွက် ပြည့်စုံခဲ့သည့် နေ့ရက်ဖြစ်ပါသည်။

ခရစ်တော်အထက်သို့ ဆောင်ယူမှုအပြီးတွင် တမန်တော်ပေတရုဟောပြောချက်ကို ခံယူသောလူစု အတွင်း၌ ရုတ်တရက်ပြည့်စုံလာခဲ့ပါသည်။ ဤအရာသည် အရင်ကကြုံတင် နိမိတ်ဖတ်ခဲ့သော အရာတစ်ခု က ပြည့်စုံခြင်းပင်ဖြစ်ပါသည်။ “အကြောင်းမူကား ကတိတော်သည် သင်တို့၏ သား၊ သမီးများနှင့်ငင်း ဝေးသောသူတို့တွင် ငါတို့၏ ဘုရားသခင်ထာရေဘုရား ခေါ်တော်မူသမျှသော သူတို့နှင့်ငင်း သက်ဆိုင် သည်ဟု ဟောခဲ့ပါသည်။ (တမန် ၅:၃၉)

သင်ကကောသူခေါ်သည့် လူတစ်ယောက်ဖြစ်ပါသလား။ သင့်အတွက် သူကပြည့်စုံစေသော ကြောင့် ဝမ်းမြောက်လိုက်ပါ၊ ယုံကြည်မှုမကင်းမဲ့ပါစေနှင့်။ ယုံကြည်လိုက်ပါ။ ပဋိညာဉ်အစိတ်အပိုင်းကို ချက်ချင်းပင် တောင်းဆိုလိုက်ပြီး ဤအံ့သြဖွယ်ရာအမှုအတွက် ဘုရားသခင်ကို ချီးမွမ်းလိုက်ပါ။

ဤသို့မလုပ်ဘဲ ကျွန်ုပ်တို့က ကျေနပ်နှုတ်ဆိတ်နေကြမည်ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝဖို့ရန် မျှော်လင့်ချက်ရှိမည်မဟုတ်ပါ။ ဘုရားသခင်က မထူးခြားသောသူထံသို့ တန်ဖိုးမဲ့စွာဖြင့် ဆုကျေးဇူးကို အပ်နှံလိမ့်မည် မဟုတ်ပါ။ အသိပညာဖြင့် မမျှော်မှန်းနိုင်ဘဲ ဆန္ဒမီးတောက်လောင်ခြင်း ဖြင့်သာလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ ပြည့်စုံခြင်းကိုလက်တွေ့အကောင်အထည် ဖော်နိုင်မည် ဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့၏အတွင်းထဲမှ ဖြစ်ပေါ်လာ မည်ဖြစ်သည်။ ထို့ကြောင့် ဆင်ခြင်တွေးတောကာ ကျွန်ုပ်တို့အထဲ၌ ဤဆုကျေးဇူးကို လှုံ့ဆော်လိုက်ပါ။ ဝိညာဉ်တော်နှင့် ပြည့်ဝလာခြင်းအားဖြင့် ခပ်သိမ်းသောအရာများက အဓိပ္ပာယ်ရှိလာမည်ဖြစ်သည်။ တမန်တော် ဝတ္ထုကဲ့သို့ ကျွန်ုပ်တို့ကို ညွှန်ကြား ကာလှုပ်ရှားစေနိုင်မည့် စာအုပ်ကမရှိပါ။ ဤစာအုပ်က စတင်ကလက်ခံရရှိသော သူများအတွက် ပြည့်စုံသည့် အံ့သြဖွယ်ရာများက မည်သို့ပြည့်စုံခဲ့သည့်အကြောင်းကို တွေ့မြင်ဖို့ရန်ဖြစ်ပါသည်။

သူရဲဘောကြောင်ခြင်းမှ ရဲရင့်စေပါသည်။ ရိုးရှင်းသော သမ္မာတရား၌ အကျပ်ရိုက်စေသည့် မကြေလင်သော အသိဉာဏ်ပညာသည် သခင်၏စီမံချက်ကို သဘောပေါက်ဖို့ရန် ရုတ်တရက်နိုးထခဲ့ ပါသည်။ အတွင်းပိုင်း၌ လောကတန်ဖိုးအစွမ်းအတွက် သံသယရှိသော ဆန္ဒနှင့်ယှဉ်ပြိုင်ကာ လွန်ဆွဲနေခဲ့ပါသည်။ ယခုတွင် သူတို့က ပိုမိုကောင်းမွန်သည့် အရာတစ်ခုစဉ်းစားကာ သူတော်စင်များထံ လုပ်ငန်းစဉ်၌ ပိုကောင်းဖို့ရန်နှိမ့်ချစွာ ရှာဖွေခဲ့ပါ သည်။ သူတို့၏စကားလုံးများကို အစွမ်းအဆဖြင့် အာရုံစိုက်ကြသောကြောင့် လူစုလူဝေးကဝတ်ပြုရန် ရောက်ရှိလာသော လူစုဖြစ်လာပါသည်။ ခရစ်တော်ကို သတ်ဖြတ်သောသူများက သူကိုဝတ်ပြုသောသူများနှင့် မိတ်ဆွေများဖြစ်လာကြပါသည်။ အတိုင်ပင်ခံ ကောင်စီ၏ လိမ္မာရေးခြားရှိသောသူများကပင် ကောင်းမွန်သည့် ဟောကြားချက်များကို စောဒကတက် ငြင်းဆိုနိုင်ခြင်းမရှိကြပါ။ မြို့နှင့်တိုင်းနိုင်ငံကလှုပ်ခတ်ပြီး စိတ်ထက်သန်သော ဝေဌသူများအားဖြင့် သင်ကြားခြင်းမရှိသော လူထောင်ချီက ဝန်ခံကာပြောင်းလဲခဲ့ကြပါသည်။ ထို့ကြောင့် ဤအရာသည် တန်ခိုးတော်ဖြစ်သည်ဟု အလွယ်တကူမှတ်ယူနိုင်ပါသည်။ ဤ အရာကဆင်ခြင် သုံးသပ်ခြင်း၏ အစိတ် အပိုင်းတစ်ခုမဟုတ်သောကြောင့် ကျွန်ုပ်တို့က အဘယ်ကြောင့် အထူးမလုပ်ဆောင်ရပါမည်နည်း။

အောင်မြင်ခြင်းနှင့် ထေ့ငေါ့တုန့်ဆိုင်းနေသောအစီအစဉ်ကို ကျွန်ုပ်တို့ နှိုင်ယှဉ်ကြည့်မည်ဆိုလျှင် ကျွန်ုပ်တို့အားဖြင့် တူညီသော အကျိုးရလဒ်ကို သူကလုပ်ဆောင်လိမ့်မည်ဖြစ်သောကြောင့် လုပ်ဆောင်သင့်သည် မဟုတ်ပါလား။

ထို့အပြင် ကျမ်းစာ၏ကတိပြုချက်သည် ကျွန်ုပ်တို့အတွက် အစွမ်းကုန်လှုံ့ဆော်ဖို့ရန် ပြည့်စုံသော အရာဖြစ်ပါသည်။ သို့ပြုလျှင် ဤ မြစ်ရေက ကျွန်ုပ်တို့ထံ စီဆင်းလာမည်ဖြစ်သည်။ (ယောဟန် ၇:၃၈-၃၉) ဤ အရာများကိုပေးလိမ့်မည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ နှုတ်ကပတ်တော်ကြောင့် စိုးရိမ်ကြောင့်ကျဖို့ ရန်မလို အပ်ပါ။ (မာလု ၁၃:၁၁) ကျွန်ုပ်တို့က ဤအချက်အားလုံးကိုဝေှကာ သမ္မာတရားအတွင်းသို့ ပို့ဆောင်ဖို့ရန် ဖြစ်ပါသည်။ (၂ကော ၃:၁၈) ကျွန်ုပ်တို့က တန်ခိုးတော်ကို ရရှိမည်ဖြစ်ပါသည်။ (တမန် ၁:၈) ဤအချက်က စိတ်ဝင်စား စရာ ကောင်းပြီး စင်ကြယ်သောဆန္ဒတစ်ခုဖြင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့် လုပ်ဆောင်ခြင်းဖြင့် မကြီးထွား နိုင်စရာ အကြောင်းကမရှိပေ။

စစ်မှန်သောလျှပ်ရှားမှု

သင်ဆန္ဒရှိပါက လုပ်ဆောင်မှုတချို့ (သို့) သင်ကိုယ်တိုင်က လူတွေကိုသွေးဆောင်ခြင်း (သို့) အခက် အခဲတချို့ကို အသွင်ပြောင်းလဲစေမည့် လမ်းကြောင်းတစ်ခုကို သဘောပေါက်လာပါလိမ့်မည် ဖြစ်နိုင်မည့် အရာကို သင်သဘောပေါက်လာပါလိမ့်မည်။ သင်၏အသက်တာအတွင်း၌ သေသည်ဖြစ်စေ ရှင်သည်ဖြစ်စေ ထင်ရှာစေမည့် ရည်မှန်းချက်တစ်ခုကို သင်ချထားရမည်ဖြစ်သည်။ နှိမ့်ချသော စွမ်းရည်များ ကိုချေဖျက်နိုင်ဖို့ရန် တောင်းဆိုပါက သင်၏ အထဲတွင်ရှင်းလင်းပြီး အစွမ်းထက်သော တောက်လောင်မှုကို ရရှိလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ အမှုတော်မြတ်လုပ်ငန်းတွင် မာန်မာနရှိနေပါက ဘုရားသခင်က မည်သည့်အရာကိုမှ လုပ်ဆောင်လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ အကျိုးအတွက်သာပေါ့တန်စွာ အသက်ရှင်ဖို့ (သို့) နာမည်ရဖို့ (သို့) အောင်မြင်ကျော်ကြားဖို့အတွက် သန့်ရှင်းသောဝိညာဉ်တော်၏ စွမ်းရည်ကို ကျွန်ုပ်တို့အပေါ် ဘုရားသခင်က ပေးအပ်လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့က ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏ ပျော်ရွှင်မှု (သို့) နှစ်သိမ့်မှု(သို့) ဝိညာဉ် လွတ်မြောက်ဖို့အတွက်သာရှာဖွေ မည်ဆိုလျင်ရရှိဖို့ရန် ပိုပြီးဖြစ်နိုင်ခြေမရှိပါ။ လူ၏ပြင်းပြသောဆန္ဒက သခင် ယေရှု၏ ဘုန်းတော်ထင်ရှားဖို့ရန် အတွက်သာဖြစ်ပါသည်။ ဤအချက်ထဲတွင် ဆန္ဒရှိသောသူနှင့်သာလျင် သူက အတူရှိမည်ဖြစ်ပါသည်။ လူနှစ်ဦးသည်သဘောမတူလျင် ပေါင်းတော်၍ ခရီးမသွားနိုင်ပါ။ (အာမုတ်၃:၃) သို့သော် သင်သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ သင်၏ အသက်တာ၌ ယေရှုခရစ်ကို ထင်ရှားစေလိုသော ဆန္ဒရှိပါက

ရိုးသားစွာဖြင့် သွေးဆောင်နိုင်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ အရာများကို သင်တမ်းတပါက သင့်ထံ၌ရှိသော လူတွေကို သူထံသို့စေလွတ် သင့်ပါသည်။ နှစ်ခြင်းဆရာတော်ယောဟန်ကလည်း ဤသို့ပင် လုပ်ဆောင်ခဲ့ပါသည်။ နှုတ်ကပတ်တော်၏ ဖော်ပြချက်က သင်၏အခြေအနေက အောက်တွင်ရှိနေမည်ဆိုလျင် သူ့ကိုကိုးစားမှီခိုပါ သင်ထံ၌ ရှိသောသူတို့ကို အလင်းပေးကာ စင်ကြယ်သန့်ရှင်းပြီးသူ၏ တံခါးမုတ်သို့ လက်ကမ်းလိုက်ပါ အရေးပါသော တုန့်ပြန်မှုက ကြာရှည်တော့မည်မဟုတ်ပါ။ သင်တို့ရှာဖွေသောသခင် သင်တို့တောင့်တသော တမန်တော်သည် မိမိဗိဗ္ဓာန် တော်သို့ ချက်ချင်း လာလိမ့်မည်ငွေကိုချွတ်၍ သန့်ရှင်းစေသောသူကဲ့သို့ ထိုင်လျက်ရွှေငွေကို ချွတ်သကဲ့သို့ လေဝိသားတို့ကို ချွတ်၍ သန့်ရှင်းစေတော်မူသဖြင့် သူတို့သည် ထာဝရ အဘို့ဖြစ်၍ဖြောင့်မတ်ခြင်း ပူဇော်သက္ကာကို ပူဇော်ကြလိမ့်မည်။ (မာလစိ ၃:၁-၃)

နှုတ်ကပတ်တော်ကို လျစ်လျူမရှုပါနှင့်

ခံယူချက်အမှန်၏ သင်ပြချက်ကို အန္တရာယ်ရှိသော သိမ်မွေ့မှုတစ်ခုက မှောက်လှန်လိမ့်မည် ထိုအချိန်ကို တွန်လှန်လျက်စောင့်ကြည့်ဖို့ရန် လိုအပ်ပါသည်။ တစ်ချို့က အတွင်းပိုင်း၏အလင်းကို ထင်ရှားစေဖို့ရန် သူပေးသော နှုတ်ကပတ်တော်မပါဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုကို တောင့်တကြပါသည်။ နှုတ်ကပတ်တော်မပါဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်မှု (သို့) ဝိညာဉ်တော်မပါဘဲ နှုတ်ကပတ်တော်နှင့် တင်းတိမ်ဖို့ရန်မဟုတ်ပါ။ လမ်းလျှောက်သောအခါ ကျွန်ုပ်တို့၏ လက်နှစ်ဖက်ကို မှန်မှန်လှုပ်ရမ်းသကဲ့သို့ ဤနှစ်ခုကိုကျွန်ုပ်တို့၏ အသက်တာခရီးလမ်းတွင် ယှဉ်တွဲဖို့ရန် ဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အင်္ဂါအစိတ်အပိုင်းဖြစ်ပါသည်။ ဤအရာကိုကျွန်ုပ်တို့က ရိုသေလေးစားစွာ ဆက်သွယ်သောအခါ သူ၏အသံကို ကြားသိနိုင်လိမ့်မည်ဖြစ်သည်။ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့၏ နှလုံးသား၌ ပြတင်းပေါက် တံခါးဖွင့်ထားသော အခန်းထဲသို့ နွေးထွေးသည့်နေရောင်ခြည် ဖြာထွက်လာသကဲ့သို့ ဝင်ရောက်လာမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ကကျယ်ပြန့်စွာဖြင့် ကျမ်းစာကိုလေ့လာကာ ပြန်လည်နိုးကြားဖို့ရန် လိုအပ် ပါသည်။ စိတ်နှလုံးတွင် သမ္မာကျမ်းပိုဒ်ကို နှလုံးသားဖြင့်ရှာဖွေလေ့လာပါ။ နှုတ်ကပတ်တော်၏ အဓိပ္ပာယ် ကို စိတ်အတွင်းမှ အချိန်ယူကာ ပြင်းပြစွာလေ့လာသော လူတိုင်းကသူတို့ရှာဖွေသောအရာနှင့် မကြာခင်ပြည့်စုံခြင်းကိုရရှိသည့် အချက်အား သတိပြုမိလာကြလိမ့်မည်ဖြစ်သည်။ ဘုရားသခင်နှင့် စကားပြောခြင်း ထက်ကောင်းသည့် နည်းလမ်း ကမရှိပါ။ သင်၏ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း (သို့) ပွင့်နေသောပြတင်းပေါက်မှ

ဝင်လာသော လေအေးကို ရှူရှိုက်ရင်းလက်ထဲတွင် ကိုင်ထားသည့် ကျမ်းစာကို အာရုံပြုလျက်စဉ်းစားကာ ကတိပြုချက် များကို ပြန်လည်ဆင်ခြင်လျက် ဆုဆောင်းပါ။ ဘုရားသခင်က အရင်ပါရဒိသုဘုံထဲတွင် လမ်းလျှောက်ခဲ့သလို ကျမ်းပိဒ်ထဲတွင် ဝမ်းမြောက်စွာဖြင့် လမ်းလျှောက်လာ မည်ဖြစ်သည်။

သန့်ရှင်းသော ဝိညာဉ်တော်ကို အည့်ခံပါ။

သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်ပါသည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ ခရစ်တော်၏ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့က သူ့ကိုအစဉ်ဝန်ခံဖို့ရန်ဖြစ်ပါသည်။ လွယ်ကူမည့်အရာ တော့မဟုတ်ပါ။ သို့သော် ဤသို့လုပ်ဆောင်မှသာလျှင် ကျွန်ုပ်တို့၏မရပ်တန့်နိုင်သော အတ္တမာန၊ ကိုယ့်အသက်ကို ကိုယ်ကိုယ်တိုင်က ရာသက်ပန်သေဆုံးခြင်းထဲသို့ ပို့ဆောင်နေသည့်အရာများကို အဆုံး သတ်နိုင်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ ရှေ့တွင် လိုက်လျောက်ရမည့် ကျွန်ုပ်တို့၏ အခြေအနေက မည်သို့ရှိနေပါသနည်း။ ယေရှုခရစ်ကို အစားထိုး ရွေးချယ်ခဲ့ကြသလို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ့ကိုရွေးချယ်ခဲ့ကြပါသလား။ ရှင်ပေါလုကဲ့သို့ ကျွန်ုပ်တို့က ပြောဆိုနိုင်ဖို့ဖြစ်ပါသည်။ ငါသည်ကိုယ်တိုင် မရှင် ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ (ဂလာတိ ၂:၂၀) ထို့ကြောင့် ကျွန်ုပ်တို့က ဤ အချက်အားလုံးကို ထည့်သွင်းရမည်ဖြစ်သည်။ ကိုယ်တိုင်အသက်ရှင်ခြင်း၏ တန်ဖိုးကို တိုးပွားစေဖို့ရန် အသက်တာသစ်၏ ဥပဒေကို တောင့်တဖို့ရန်ဖြစ်ပါသည်။ တိုးပွားခြင်းကို ခွင့်ပြုရန်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့က သစ်တိုင်ပေါ် ကွပ်မျက်ခံရခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်းဖြင့် လျင်မြန်သော တရားစီရင်ခြင်း၏ ဖြစ်စဉ်များကို ကိုယ့်ကိုကိုယ်အမြဲအသိပေးနှိုးဆော်ကာ အသွေးတော် သွန်းလောင်းခြင်း ၏တန်ဖိုးကို တွေးတောလျက် သန့်ရှင်းသောဝိညာဉ်တော်၏ လောင်းရိပ်အောက်တွင် သမ္မာတရားကို သစ္စာရှိစွာဖြင့် စောင့်ရှောက်ဖို့ရန် ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့်အမြဲပြည့်ဝဖို့ရန် သူ၏အုပ်စိုးမှု ကို ဝန်ခံဖို့ရန်ဖြစ်ပါသည်။ အသက်တာ၌ ပေါ့တန်စွာထားရှိဖို့ရန်မဟုတ်ပါ။ သူ၏ညွှန်ကြားချက်ကို ပေါ့တန်စွာထားကာ လျစ်လျူရှု မည်ဆိုပါက ဝိညာဉ်ရေးရာ အရှိန်က ကျဆုံးပြီး တန်ဖိုးရှိသောတန်ခိုးတော်ကို ဆုံးရှုံးနိုင်ပါသည်။ ကျွန်ုပ်တို့ အထဲ၌ သူ့ကိုဝမ်းနည်းစေပြီး ချုပ်ငြိမ်းစေနိုင်ပါသည်။ ဤတန်ဖိုးကိုချင့်တွက်ပါ။ သို့ဖြစ်သောကြောင့် သူ၏အုပ်စိုးမှုကို ကြောက်ရွံ့ပြီးပြန်လည်း မချုပ်ငြိမ်းစေပါနှင့်။ သူကချစ်ခြင်းမေတ္တာရှိသော ဝိညာဉ်တော် ဖြစ်ပါသည်။ အကြောင်းမရှိဘဲ ဆုံးရှုံးစေမည် မဟုတ်ပါ။ သူ့ကိုသိကျွမ်းသည့်အတိုင်း ဝန်ခံဖို့ရန်သာ ဖြစ်ပါ သည်။

ယုံကြည်ခြင်းဖြင့်သူ့ကိုလက်ခံပါ။

ထို့ကြောင့်သင်တို့သည် သခင်ယေရှုကိုခံယူပြီးသည်ဖြစ်၍ ထိုသခင်၌စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက် နည်းဥပဒေသကို ခံပြီးသည့်အတိုင်း ယုံကြည်ခြင်း၌ မြဲမြံစွာစွဲလမ်းကြလော့။ (ကောလောသဲ ၂:၆) သင်၏ ယုံကြည်ခြင်းဖြင့် ခွင့်လွှတ်ခြင်းတရားနှင့် ကယ်တင်ခြင်းကိုရရှိသောအခါ သန့်ရှင်းသော ဝိညာဉ် တော်နှင့်ပြည့်စုံခြင်းကို ရရှိဖို့ရန်တောင်းဆိုပါ။ ရွေးချယ်ပြီးသောအခြေအနေကို ပြည့်စုံစေပြီး ဘုရားသခင် ရှေ့မှောက်၌ ငြိမ်သက်စွာဖြင့်စောင့်ဆိုင်းပါ။ "သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကိုသာ၍ ပေးတော်မူမည်မဟုတ်လော့ဟု မိန့်တော်မူ၏။ (လုကာ ၁၁:၁၃)

ရိုသေလေးစားဖို့ရန် ထိုက်တန်သော ဆုကျေးဇူးဖြစ်သောကြောင့် ဒူးထောက်လျက် သင်၏ လမ်းကြောင်းကို ရရှိဖို့ရန် စတင်လုပ်ဆောင်ပါ။ ဘုရားသခင်သည် နှုတ်ကပတ်တော်ကို စောင့်ထိန်းသောသူဖြစ်သောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသောအသက်တာကို သင်ရရှိပါလိမ့်မည်။ နေ့စဉ် သင့်ကိုဖြည့်ဆီးဖို့ရန် သူ့ကို ကိုးစားပြီး သင်၏ပြည့်စုံခြင်းကိုထိန်းသိမ်းပါ။ သင်ယုံကြည်သည့်အတိုင်း သင့်အပေါ်တွင် သက်ရောက်လာ ပါလိမ့်မည်။

ပထမအကြိမ်တွင် လေလှိုင်းသံ (သို့) မျက်မှောက်တော်နှင့် တို့ထိခြင်းကရှိလာမည်မဟုတ်ပါ။ ပြောင်းလဲခါစလူတွေက ခံစားချက်ကို လက်ခံရရှိသည့်အထောက်အထားအဖြစ် အခြားအရာများထက် ကြည့်တတ်ပါသည်။ ဤအရာကို မကြည့်ပါနှင့်။ ခံစားချက်အစား ပြည့်စုံမည့်အချက်ကို ယုံကြည်လိုက်ပါ။ အိုအဖဘုရား ကျွန်ုပ်အတွက် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို စောင့်ထိန်းတဲ့အတွက် ကျေးဇူးတင် ပါတယ်ဟု ထပ်ခါထပ်ခါမြွက်ဆိုပါ။ အထူးအခွင့်အရေးများကို ကျွန်ုပ်နားမလည်သေးသော်လည်း ဖြည့်ဆီးပေးဖို့ရန် ကျွန်ုပ်၏နှုတ်ကို ဖွင့်ဆိုပါသည်ဟု ပြောဆိုလိုက်ပါ။ သင်၏ အသိတရားကို ခံစားချက်က အနှေးနှင့်အမြန်ဆိုသလိုချိုးဖျက်ကာ ကြီးမားသောပျော်ရွှင်မှုကို ရရှိပါလိမ့်မည်။ ဝိညာဉ်တော်အသီး အားလုံးက စတင်ထင်ရှားလာပါလိမ့်မည်။

သို့သော်အားလုံးကို ပြည့်စုံဖို့ရန် တကြိမ်တည်းဖြင့်မလုံလောက်ပါ။ တမန်တော်ဟောင်းတစ်ဦး ပြောသလိုပင် ကျွန်ုပ်တို့ကပြည့်ဝဖို့ရန် အမြဲရှာဖွေဖို့ဖြစ်ပါသည်။ အခန်းကြီး(၂)ထဲတွင် ပြည့်ဝသောသူ များကဆက်ပြီး ဖြည့်ဆီးကြပါသည်။ အိမ်ခန်းထဲတွင်ဝိညာဉ်တော်ကို အမြဲရှာဖွေသောသူက ပျော်ရွှင်သော သူဖြစ်လာပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ ထင်ရှားသော အမှတ်အသားများ

The Marks Of The Presence Of The Holy Spirit
By J.C Ryle -1816-1900

ခရစ်တော်၏ ဝိညာဉ်ကိုမရသောသူမည်သည်ကားခရစ်တော်နှင့်မဆိုင် (ရောမ ၈:၉)- မှတ်သား ရမည့် အချက်မှာ ဝိညာဉ်တော်ရရှိသော လူတယောက်၏ စိတ်ထဲတွင်အပြင်ပန်းသဏ္ဌာန်၏ သက်သေ အထောက်အထားက ထင်ရှားမည်မဟုတ်ပါ။ သမ္မာကျမ်းစာကို ထင်ယောင်ထင်မှားစွန့်စားခြင်းက ကြောက်စရာ ကောင်းသောအရာ တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာ၏ အခြေခံသဘောတရားကို ကျွန်ုပ်တို့က အမြင်မမှားရလေအောင် ဂရုစိုက်ရမည်ဖြစ်သည်။ ငါတို့သည် ဘုရားခင်နှင့်မိတ်သဟာရ ဖွဲ့ပြီးဟုဆိုလျက်ပင် မှောင်မိုက်၌ ကျင်လည်လျင် သစ္စာ တရားကို မကျင့်မုသားကိုသုံးသောသူဖြစ်ကြ၏ (၁ယော ၁:၆) ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင်၏ သားတို့နှင့် (မာန်နတ်၏ သားတို့သည် ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်း တရားကို မကျင့်သောသူ မိမိညီအကိုကို မချစ်သောသူမည်သည်ကာ ဘုရားသခင်နှင့် မဆိုင် (၃:၁၀) ခရစ်တော် လုပ်ဆောင်ပေးသော ကယ်တင်ခြင်း အကျိုးတရားကို ဝါကြွားနေသည့် အချိန်တွင်ပင် အပြစ်ထဲတွင် လူတွေရှိကြပြီးသူတို့က ခွင့်လွှတ်ခြင်းရရှိသောသူ များဖြစ်ကြောင်းကို ပြောဆိုကြပါသည်။ သို့သော် တချိန်တည်းတွင် အပြစ်ထဲတွင် ကျင်လည်နေကြကာ ပညတ်ချက် များကို ချိုးဖောက်ကြပါသည်။

ခရစ်တော်၌ စစ်မှန်သောယုံကြည်သူများက အပြစ်တရား၌ အသေဖြစ်ကြပါသည်။ ထိုသို့မျှော်လင့် သော သူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ့်ကိုကိုယ်သန့်ရှင်းစေတတ်၏။ (၁ယော ၃:၃) ကျွန်ုပ်တင်ပြလိုသည့်အရာမှာ ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ထိရောက်ပြည့်စုံဖို့ရန်မှာသူ၏ မျက်မှောက်တော်ကို အားကိုးအားထားပြုဖို့ပင် ဖြစ်ပါသည်။ သင်၏ အထဲတွင် ကျိန်းဝပ်သော ဝိညာဉ်တော်၏ ပြောဆိုချက်သည် သင့်အသက်တာထဲတွင် မဖြစ်နိုင်သောစိတ်ခံစားမှုတခုခုဖြင့် အမှန်ပင် လုပ်ဆောင်ပါသည်။ ဤအရာက သတင်း ကောင်းကို တွေဝေစေပါသည်။ အလင်းနှင့်အမှောင် သဘာဝနှင့် ကျေးဇူးတော် ပြောင်းလဲခြင်းနှင့်မပြောင်းလဲခြင်း၊ ဘုရားသခင်၏သားနှင့် စေတန်၏ သားစသည်တို့ကို တွေဝေစေပါသည်။

ဤအချက်၌ စိတ်ချမှုကိုဖြစ်စေသောအဖြေကတစ်ခုတည်းသာလျှင်ရှိပါသည်။ ထိုဝိညာဉ်တော်ကို ရရှိဖို့ရန် ကျွန်ုပ်တို့က မည်သို့ဆုံးဖြတ်ချက်ချပါသနည်း "ယေရှု" ချမှတ်ခဲ့သော အခြေခံသဘောတရား အပေါ်တွင် ကျွန်ုပ်တို့က ရပ်တည်ရမည်ဖြစ်သည်။ သူတို့၏အကျင့်ကိုထောက်သော်သူတို့၏ သဘောကို သိရကြလိမ့်မည် (မသဲ

၇:၂၀) ဝိညာဉ်တော်ကျိန်းဝပ်သောသူက အသီးသီးပါလိမ့်မည်။ အသီးမသီးသော သူ၏ဝိညာဉ်က သန့်ရှင်းသော ဝိညာဉ်တော်မဟုတ်ပါ။ ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကိုမမြင်နိုင်ပါက လှည့်ဖြားခြင်း တစ်ခုဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်တကယ်ကျိန်းဝပ်ပါက သိမြင်ခံစားရမည် ဖြစ်သည် မြောက်ဖက်သို့ သွားမည့်သံလိုက်အိမ်မြောင်၏ ညွှန်ကြားချက်ကို သင်သိရှိသလို, သစ်ပင်တပင်၏ အညွှန့်အရွက်, အသီးများကို သင်သိရှိပါသည်။ ဤကဲ့သို့ပင် လူတယောက်၏ နှလုံးသား၌ ဝိညာဉ်တော် ကစိုးမိုးသောအခါ သူ၏လုပ်ဆောင်ချက် တွေးတော ချက်၊ အမြင်၊ အကျင့်နှင့် အသက်တာများအားဖြင့် သင်သိရှိလိမ့်မည်ဖြစ်ပါသည်။

တိကျသောလက္ခဏာ (၅)ခု

ကျွန်ုပ်တို့၏ အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ အသီးထင်ရှားခြင်းကို မည်သို့တိကျစွာ သိရှိနိုင်ပါမည်နည်း။ ဤမေးခွန်း၏ အဖြေကို ကျွန်ုပ်က လွယ်ကူစွာဖြင့် ရှင်းလင်းနိုင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က တိကျသေချာသောပုံစံဖြင့် အမြဲအလုပ်လုပ်ပါသည်။ စက်ဝိုင်းပုံဘီးတခုကို ခြောက်ထောင့်မှ ကလပ်စည်းဖြင့် စုစည်းထားသည့်ပုံစံကဲ့သို့ပင် လူတွေရဲ့ နှလုံးသားတွင် ဝိညာဉ်တော် ကပုံစံတခုဖြင့် အလုပ်လုပ်ပါသည်။ သူ၏လုပ်ဆောင်ချက်က သခင်တစ်ဦးအတွက်ဖြစ်ပါသည်။ လောက ဇာတိကတော့ ဤလှပမှုကို မြင်နိုင်မည်မဟုတ်ပါ။ လူအမြင်တွင်ရူးသွပ်မှုတခုသာဖြစ်ပါလိမ့်မည်။ "သို့သော် ဝိညာဉ်လူမူကားထိုအရာအလုံးစုံကို ပိုင်းခြား၍ နားလည်တတ်၏။ (၁ကော ၂:၁၅) ကောင်းမွန်သော ညွှန်ကြားချက်တခုဖြင့် ခရစ်ယာန်များက ဘုရားသခင်၏ ဝိညာဉ်တော်အသီးကို ကောင်းမွန်စွာသိကျွမ်း ပါလိမ့်မည်။ ဤမိန့်ဆိုချက်ကို သင်တို့ထဲ၌ အကျဉ်းချုပ်တင်ပြလိုပါသည်။ အားလုံးကိုရှင်းပြပြီး မမှားယွင်း ဖို့ဖြစ်ပါသည်။

နားလည်သော သူ၌ အလုံးစုံရှင်းလင်း၍ ပညာကိုရသောသူတို့ကား ဟုတ်မှန်ကြ၏ (သုတ္တံ ၈:၉) -(၁)

သန့်ရှင်းသော ဝိညာဉ်တော်ရှိသော နေရာ၌အပြစ်က အမြဲထင်ရှားပါလိမ့်မည်။ ထို့နောက် စစ်မှန်သောနောင်တ ရရှိခြင်းကို ဖြစ်စေပါသည်။ သူကအပြစ်ကို စီရင်သောတရားရုံးဖြစ်ပါသည်။ (ယောဟန် ၁၆:၈) ဘုရားသခင်၏ စင်ကြယ်သန့်ရှင်းခြင်းကို သူကဖွင့်ပြပါသည်။ ကျွန်ုပ်တို့ပျက်စီးယိုယွင်းမှု၏ သဘော သဘာဝကို လည်းဖွင့်ပြပါသည်။ ကိုယ့်ကိုကိုယ်ဖြောင့်မတ်သည်ဟုထင်နေသော ကျွန်ုပ်တို့၏ကန်းနေသည့် မျက်စိကိုဖွင့်ပေးကာ ကျွန်ုပ်တို့၏ ကြီးမှားသောမိုက်မဲမှု အပြစ်များကိုမြင်တွေ့စေပါသည်။ သူကဘုရား သခင်မုန်းတီးသောအရာကို ရွှတ်ချသကဲ့သို့ ဝမ်းနည်းတတ်သောသူဖြစ်ပါသည်။

(၂) ဝိညာဉ်တော်ရှိသောနေရာတွင် ယေရှုခရစ်၌ ယုံကြည်ခြင်းဖြင့် အသက်ရှင်သော အသက်တာက အမြဲရှိလိမ့်မည်ဖြစ်သည်။ သူကခရစ်တော်၏သက်သေကို ထင်ရှားစေသည့် အထူးရုံးပင်ဖြစ်ပါသည်။ (ယောဟန် ၁၆:၁၅) အပြစ်ခံစားနေသော စိတ်ဝိညာဉ်ကိုယေရှုထံခေါ်ဆောင်ပြီး အသွေးတော်ဖြင့် စင်ကြယ် စေသောသူ ဖြစ်ပါသည်။ အပြစ်အတွက်ခရစ်တော်က မတရားစီရင်ခြင်းကိုခံရသည့် အခြေအနေကို ဖွင့်ပြကာ ကျွန်ုပ်တို့ကို ဘုရားသခင်ထံသို့ ပို့ဆောင်ပါသည်။ ယေရှုခရစ်ကိုလက်ခံခြင်းဖြင့်သာ အပြစ်မှ လွတ်မြောက်သည့် အကြောင်းကို ဖွင့်ပြခဲ့ပါသည်။

သူက ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာလိုအပ်ချက်ကို မြင်တွေ့ဖို့ရန် ရွေးနှုတ်ခြင်းလုပ်ငန်းကို ပြီးစီးသော ခရစ်တော်ထဲ၌ လှပသောဖြစ်တည်မှုတစ်ခုကို ကျွန်ုပ်တို့တွေ့မြင်ဖို့ရန် လုပ်ဆောင်ပါသည်။ သူကအခြား အရာများကို မကြည့်ဘဲ ယေရှုကိုသာကြည့်ရှုလျက် ကျွန်ုပ်တို့၏ အစွမ်းအားလုံးဖြင့် မှီခိုဖို့ရန် တောင့်တသော ဆန္ဒကို လုပ်ဆောင်ပေးပါသည်။

ထိုသခင်ယေရှုသည် ငါတို့အပြစ်ကြောင့် အပ်နှံခြင်းကိုခံတော်မူ၏။ ငါတို့ဖြောင့်မတ်ရာသို့ ရောက်မည် အကြောင်းထမြောက်တော်မူ၏။ (ရောမ ၄:၂၅)

(၃) သန့်ရှင်းသောဝိညာဉ်တော်ရှိသော နေရာတွင် သန့်ရှင်းဖို့ရန် အမြဲသတိပေးပါသည်။ သူသည် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပါသည်။ (ရောမ ၁:၄) သူကစင်ကြယ်သော ဝိညာဉ်တော်ဖြစ်ပါသည်။ သူက လူတွေ၏ စိတ်နှလုံးထဲမှ လောကအညစ်အကြေးများကို ဖယ်ထုတ်ပေးပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ကျေနပ်တင့်တိမ် စေပါသည်။ ဘုရားသခင်ထံသို့ လူတွေပြန်လာအောင် လုပ်ဆောင်ပါသည်။ အထက်ပါ ဆန္ဒအားလုံးဖြင့် သူကို ကျေနပ်စေဖို့ရန်ဖြစ်ပါသည်။ လောကပုံစံကို ကျော်ခိုင်းပြီး သူပုံသွင်းသည့်ပုံစံက မကြာခင်ရောက်ရှိလာပါလိမ့်မည်။ သူကလူတွေရဲ့ နှလုံးသားထဲသို့ ကောင်းမြတ်ခြင်း၊ သိမ်မွေ့ခြင်းနှင့် ချစ်ခြင်းမေတ္တာ၊ ယုံကြည်ခြင်း၊ နှိမ့်ချခြင်း၊ မိမိကိုယ်မိမိ ချုပ်တီးခြင်း၊ မျိုးစေ့များကို ကြဲပါသည်။ ဤမျိုးစေ့များကို ရှင်သန်စေပြီး နှစ်သက်ဖွယ်ရာ အသီးများအားသီးစေပါသည်။ (ဂလာတိ ၅:၂၂-၂၃)

(၄) သန့်ရှင်းသောဝိညာဉ်တော်ရှိသောနေရာတွင် ကိုယ်ပိုင်ဆုတောင်းခြင်းကို စိတ်ထက်သန်သော အလေ့အထက အမြဲရှိပါလိမ့်မည်။ သူကကျေးဇူးတော်၏ ဝိညာဉ်ဖြစ်ပြီး လျှောက်လဲပေးသောသူဖြစ်သည်။ (ဇာခရိ ၁၂:၁၀) နှလုံးသားထဲတွင် ဝိညာဉ်ရေးရာ မွေးဖွားဖို့ရန် လုပ်ဆောင်ပေးပါသည်။ ထို့ကြောင့် အဖဟု ကျွန်ုပ်တို့က ပြောဆို

နိုင်ကြခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံသို့ စကားပြောဆိုနိုင်သော လူတစ်ယောက် ဖြစ်အောင် သူက လုပ်ဆောင်ပေးပါသည်။ ဤသို့ပြောဆိုရာ၌ အားနည်းသောအချိန်တွင်လည်း ဖြစ်နိုင် ပါသည်။ သို့သော် သူ့ကို စိတ်ဝိညာဉ်က တောင်းဆိုခြင်းဖြစ်သည်။ သူကအသက်ရှူသော ကလေးငယ်များကဲ့သို့ လူတစ်ယောက်၏ ဆုတောင်းသော သဘာဝကို လုပ်ဆောင်ပေးပါသည်။ ခြားနားမှုမှာ ကလေးငယ်များက ကြိုးပမ်းမှုမရှိဘဲ အသက်ရှင်ပြီး အသစ်မွေးဖွားသော ဝိညာဉ်က ပဋိပက္ခများစွာဖြင့် ဆုတောင်းပါသည်။

(၅) နောက်ဆုံးအချက်အနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ရှိသည့်နေရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရိုသေခြင်းနှင့် ချစ်ခြင်းမေတ္တာက အမြဲရှိနေပါသည်။ သူကအသစ်မွေးဖွားသော ဝိညာဉ်၏ဆန္ဒကို ရိုးရှင်းသောနှုတ်ကပတ်တော်နှိုရည့်ဖြင့် တိုက်ကျွေးပါသည်။ ကလေးငယ်တစ်ဦး၏ဆန္ဒ မှာ သဘာဝ အစားအစာဖြစ်သကဲ့သို့ သူကအသစ်မွေးဖွားသောဝိညာဉ်၏ ဆန္ဒကို နှုတ်ကပတ်တော်နှိုရည် ဖြင့် ရိုးရှင်းစွာ တိုက်ကျွေးပါသည်။ ဘုရားသခင်၏ ဥပဒေသထဲတွင် ပျော်မွေ့ဖို့ရန်လည်းလုပ်ဆောင်ပါသည်။ (၁ပေ ၂:၂ ဆာလံ ၁:၂) လူတွေ၏ သဘာဝမျက်စိကို ကွယ်နေသောအရာများအား သန့်ရှင်းသောနှုတ်ကပတ်တော်ဖြင့် ပြည့်စုံခြင်း၊ အသိပညာနက်နဲသော အရာများဖြင့် ပြည့်စုံမှုကိုရရှိသော သူဖြစ်အောင်ဖွင့်ပြပါသည်။ ဤလောက ခရီးစဉ်တွင် လုံခြုံစိတ်ချဖို့ရန် မရှိမဖြစ်လိုအပ်သောအရာများ ဖြစ်သည့် နှုတ်ကပတ်တော်ခါး အလင်းမီးအိမ်ဖြစ်သော မမှားယွင်းနိုင်သည့် နှုတ်ကပတ်တော်ဖြင့် သူထံသို့ ဆွဲခေါ်ပါသည်။

ဤအရာများကို စိတ်ချစွာဖြင့် အာရုံပြုနိုင်ဖို့ရန် စာဖတ်သူများ၏ ရှေ့မှောက်သို့ကျွန်ုပ်တို့က ဤဝိညာဉ်တော်ထင်ရှားသောလက္ခဏာအတွက် အချက်(၅)ချက်ကို ချပြခြင်းဖြစ်ပါသည်။ ဤအရာများကို မှတ်သားခြင်းဖြင့် လေ့လာစမ်းစစ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဘုရားသခင်ထံသို့ နောင်တရပြီး ယေရှုခရစ်တော်ကို ယုံကြည်ပါ။ စင်ကြယ်သောစိတ်နှလုံးနှင့် အသက်ရှင်ပါ။ ကိုယ်ပိုင်ဆုတောင်းခြင်း၏ အလေ့အထကို စစ်မှန်စွာရရှိပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရိုသေပြီးချစ်ပါ။ ဤအချက်များသည် လူ၏စိတ်နှလုံးထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်ကိန်းဝပ်ခြင်း၏ စစ်မှန်သောအရင်းအမြစ်များပင် ဖြစ်ပါသည်။ သူရှိသောနေရာတွင် ဤလက္ခဏာများကို မြင်တွေ့ရမည်ဖြစ်ပြီး သူမရှိသောနေရာတွင် ဤသို့သော လက္ခဏာများက လိုအပ်နေလိမ့်မည်ဖြစ်သည်။

သင်၏ အသက်တာ၌ ဝိညာဉ်တော်မရှိလျှင်

ကျွန်ုပ်ပြောဆိုသည့် ကိုယ်ပိုင်လျောက်တင်ချက်မှ နှုတ်ကပတ်တော်အနည်းငယ်ဖြင့်အားလုံးကို ညွှန်ကြားကာ အဆုံးသတ်လိုပါသည်။ ပထမအနေဖြင့် ဝိညာဉ်တော်မရရှိဟု ခံစားနေကြသော သူအားလုံးကို စိတ်အားထက်သန်စွာဖြင့် ဖိတ်ခေါ်လိုပါသည်။ ဖိတ်ခေါ်ချက်က ရိုးရှင်းပြီးတိုတောင်းပါသည်။ ယေရှုနာမ၌ ယခုပင် ဘုရားသခင်ကိုခေါ်ဆိုပါ။ သင်၏စိတ်နှလုံးကို သန့်ရှင်းသောဝိညာဉ်တော်က ဆေးကြောပေးဖို့ရန် ဆုတောင်းပါ။ ဤသို့လုပ်ဆောင်ဖို့ရန် အမြဲနှိုးဆော်ပါ။ လုပ်ဆောင်မည့်ကျမ်းချက်များ ကခိုင်လုံစွာရှိနေပါသည်။ ငါဆုံးမသော စကားကို နားထောင်၍ ပြောင်းလဲကြလော့ ငါ့ဝိညာဉ်ကို သင်တို့အပေါ်သွန်းလောင်း၍ ငါ့စကား၏ အနက်အဓိပ္ပာယ် ကို နားလည်စေမည်။ (သုတ္တံ ၁:၂၃)-

သင်တို့သည်အဆိုးဖြစ်လျက်ပင် ကိုယ့်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် ဆုတောင်းသော သူတို့အားသန့်ရှင်းသော ဝိညာဉ်တော် ကို သာ၍ ပေးတော်မူမည်မဟုတ်လော့ဟု မိန့်တော်မူ၏။ (လုကာ ၁၁:၁၃) ဤအရာက ကောင်းကြီးဖြင့် လုပ်ဆောင်မှု ထဲတွင် ခိုင်လုံသောအရာဖြစ်ပါသည်။ နောက်ဆုံးသောနေ့၌ ဤကောင်းကြီးက ပေါ်ထွန်းလာလိမ့်မည်။ သူတို့က ဆုတောင်းသောအခါ တွေ့ကြရလိမ့်မည်။ အထက်ပါဖော်ပြချက်အားလုံးသည် ကျွန်ုပ်တို့ သခင်ယေရှု၏ အကျင့်လက္ခဏာနှင့် ပုဂ္ဂိုလ်ဖြစ်ခြင်းထဲတွင် ထင်ရှားသည့်ခိုင်လုံသောအရာများဖြစ်ပါသည်။ အပြစ်သားများကို သူထံသို့ သူကဖိတ်ခေါ်ပါသည်။ မလာသောသူများကို သူကငြင်းဆိုမည်ဖြစ်သည်။ ထို သူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရား သခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ (ယောဟန် ၁:၁၂)-

သင်အချည်းအနှီးမဖြစ်ဖို့ရန် ယေရှုထံသို့ချဉ်းကပ်သော၊ နှိမ့်ချသော၊ နောင်တရသော၊ အပြစ်သား တစ်ဦး အနေဖြင့် သွားဖို့ရန်ဖြစ်သည်။ ရည်ရွယ်ချက်မဲ့စွာဖြင့် သူထံသို့ ဆုတောင်းဖို့ရန်မဟုတ်ဘဲ သင်၏ ဝိညာဉ်အတွက် သူထံသို့ ကြိုးစားပြီးဆုတောင်းပါ။ ဝန်ချပါ။ သင်၏လိုအပ်ချက်၊ အပြစ်ဒုက္ခစရိုက်၊ ကြောက်ရွံ့မှုနှင့် စိတ်မချမှုအပေါ် သင့်ကိုအပြစ်မြင်မည်မဟုတ်ပါ။ တောင်းလျှောက်ပါက သင်ရရှိလိမ့်မည် ဖြစ်သည်။ ရှာပါကတွေ့ရှိမည်ဖြစ်သည်။

တံခါးကိုခေါက်ပါက သင့်အတွက်ပွင့်လာလိမ့်မည်။ ယနေ့အပြစ် သားများကို ကယ်တင်ဖို့ရန် ခရစ်တော်တွင် ပြည့်စုံမှု ရှိပါသည်။ ယနေ့ပင်လာပါ၊ လာပါ၊ ခရစ်တော်ထံသို့ ကြွမြန်းလာပါ။

သင်၏ အသက်တာ၌ ဝိညာဉ်တော်ရှိလျှင်

ဆက်လက်ပြီး ခရစ်တော်၏ ဝိညာဉ်တော်ကို လက်ခံရရှိသောသူအားလုံးအပေါ် ခွန်အားပေး နှုတ်ကပတ်အား ခွဲခြမ်းပြီး ပေးကမ်းလိုပါသည်။ စိတ်ရှည်သည်းခံဖို့၊ ယုံကြည်ဖို့၊ သန့်ရှင်းဖို့၊ ဆုတောင်းဖို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ချစ်မြတ်နိုးသူများဖြစ်ဖို့ရန် ဖြစ်ပါသည်။ ဤနေရာတွင် ချီးမွမ်းခြင်း၏ ရိုးရှင်းသောအချက် (၃)ချက်ကို ထည့်သွင်းထားပါသည်။

ပထမအချက်က ဝိညာဉ်တော်ကို ကျေးဇူးတင်ဖို့ရန်ဖြစ်ပြီး နောက်တစ်ချက်မှာ ဝိညာဉ်တော်နှင့် ပြည့်ဝဖို့ရန်ဖြစ်ပါသည်။ သူ၏ကောင်းခြင်းမင်္ဂလာအောက်တွင် ပိုမိုပြီးရှာဖွေဖို့ရန် ဖြစ်ပါသည်။ နှုတ်ကပတ် တော်ကို အမြဲဆင်ခြင်တွေးတောဖို့ရန် လုပ်ဆောင်ရမည်။ ပုံမှန်လုပ်ဆောင်ချက်ကို သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှု အောက်တွင် နာခံလိုက်လျောက်ကာ ဆောင်ကျဉ်းရမည်ဖြစ်သည်။ လောက၏ ကိုက်ညီမှု မကိုက်ညီမှုကြောင့် သူ့ကိုနာကျည်းဝမ်းမနည်းစေဖို့ရန် ဖြစ်ပါသည်။ အနည်းဆုံးဒုက္ခ ဖြစ်စေသော အပြစ်များ၊ အားနည်းခြင်းနှင့် သေးသိမ်သည့်အရာအားဖြင့် သူ့ကိုမငြိမ်းသတ်စေဖို့ရန် ဖြစ်ပါသည်။ သင်၏ အသက်တာ၌ အပတ်စဉ်သူ၏ ပိုမိုပြည့်စုံသော အုပ်စိုးမှုကိုရရှိဖို့ရန် ပိုမိုရှာဖွေပါ။ ခရစ်တော်ကို သိကျွမ်းသည့်ပညာတရားနှင့် ကျေးဇူးတော်ထဲတွင် နှစ်စဉ်ကြီးထွားနိုင်ဖို့ရန် ဆုတောင်းပါ။ ဤအချက်က လောကကောင်းကျိုးကို လုပ်ဆောင်ရမည့် နှိုးလမ်းပင်ဖြစ်ပါသည်။ ထူးကဲသောခရစ်ယာန် တစ်ဦးက အလင်းအိမ်တစ်ခု ဖြစ်ရမည်ဖြစ်သည်။ အခြားသူများကို ပိုမိုကျယ်ပြန့်စွာ သိမြင်ပြီးသူ့ကို မသိဘူးသော သူများအပေါ်ကောင်းမှုများစွာကို လုပ်ဆောင်ပါ။ ဤအချက်က ဤလောကတွင် အတွင်းပိုင်း စိတ်ချမ်းသာမှုနှင့် ပျော်ရွှင်မှုကိုရရှိမည့်နည်းလမ်း ဖြစ်ပါသည်။ သေခြင်းတရားအတွက် တောက်ပသော အာမခံချက်ရရှိဖို့ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏နောက်တွင် သက်သေအထောက်အထားများကို ချန်ထားဖို့ရန် ဖြစ်ပြီး နောက်ဆုံး၌ မြင့်မြတ်သောသရဖူတစ်ခုကို ရရှိဖို့ရန်ဖြစ်ပါသည်။

နောက်ဆုံးအချက်မှာ ဤလောကနှင့်အသင်းတော်အပေါ်ကြီးမားသော ဝိညာဉ်တော် သွန်းလောင်းမှုတစ်ခုရှိဖို့ရန်အတွက် နေ့စဉ်ဆုတောင်းဖို့ဖြစ်ပါသည်။ ဤအချက်က ယနေ့လိုအပ်သော အရာ ဖြစ်ပါသည်။

ဤအရာက လူတွေ၏ ငွေကြေးစက်ယန္တရားထက် ပိုမိုလိုအပ်သောအရာဖြစ်ပါသည်။ ခရစ်ယာန် ဘာသာဝင်များထဲတွင်ငင်း ပလ္လင ်ပေါ်တွင်ငင်း သန့်ရှင်းသောဝိညာဉ်တော်၏ လှုပ်ရှားမှုသည် ကျွန်ုပ်တို့အတွက် ပိုမိုလို အပ်ပါသည်။ သင်းအုပ်များလည့်လည်ရာ၌ ငင်းကျောင်းများ၌ ငင်းသန့်ရှင်းသော ဝိညာဉ်တော်ပါဝင်ခြင်းက ပိုမို လိုအပ်သော အရာဖြစ်ပါသည်။ သူရှိသောနေရာတွင် ကျန်းမားခြင်း၊ ကြီးထွားခြင်း၊ အသက်ရှင်ခြင်း၊ အသီးသီးခြင်း ရှိမည်ဖြစ်ပြီး သူမရှိသောနေရာတွင် အားလုံးကအေးစက်ကာ ခြောက်ကပ်ပြီးငြိုးငွေ့ဖွယ် အပေါ်ယံသက်သက် သာ ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် အယောက်စီတိုင်းက ဘာသာတရားမြင့်မြတ်ပြီး စင်ကြယ်ခြင်းတိုးပွားမှုကို မြင်တွေ့လိုပါက နေ့စဉ်ဆုတောင်းရမည်ဖြစ်သည်။ ခရစ်တော်၏အသင်းတော် အစိတ်အပိုင်းအားလုံးထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် ပိုမိုထင်ရှားဖို့ရန် အတွက် နေ့စဉ်ဆုတောင်းဖို့ရန်ဖြစ်ပါသည်။

ချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်း

ပြန်လည်ကြွလာခြင်းသတင်းကောင်းစာစောင် ပြန်ပြီးထုတ်နိုင်သောကြောင့် ဘုရားသခင်ကို အထူး ချီးမွမ်းပါသည်။ ယခုထုတ်ဝေသောအကြောင်းအရာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်များဖြစ်ပါသည်။ ချစ်သော မိတ်ဆွေများအားလုံးအတွက်လည်း ကောင်းကြီး ဖြစ်မည်လို့ယုံကြည်ပါသည်။ ဤ သတင်းကောင်းစာစောင်ကို အသင်းတော်အတွက် သော်လည်း ကောင်း၊ မိသားစုအတွက်သော်လည်းကောင်း မှာလို့ရပါသည်။ အောက်ပါ လိပ်စာဖြင့် မှာကြပါရန် ယေရှုနာမတော်ဖြင့် တောင်းပန်အပ်ပါသည်။

ကျွန်တော့်ရဲ့ နေရပ်လိပ်စာ အပြောင်းအလဲရှိပါတယ်။ ကျေးဇူးပြု၍သတိထားဖို့ရန်လည်း အသိပေးလိုပါသည်။

Rev.Run Lian
P.O.Box – 1349
Yangon, Myanmar
Tharyar Kone Village, No.(4), Main Road
Hmawbi Township, Yangon
Tel: 09 45211 2354